**ဦးသက်ခိုင်(စလင်းမဲဆန္ဒနယ်အမှတ် - ၂)။ ။**

(၁) မကွေးတိုင်းဒေသကြီး၊ စလင်းမြို့နယ်၊ ဆင်ဖြူကျွန်းမြို့တွင်း ဆင်ဖြူကျွန်း-ကျွန်းညို ကားလမ်းတွင် ရေနုတ်မြောင်းတူးဖော်ရန် အစီအစဉ်ရှိ/မရှိ သိရှိလိုပါသည်။

(၂) မကွေးတိုင်းဒေသကြီး၊ စလင်းမြို့နယ်၊ ရဒေးကျေးရွာအုပ်စု၊ ရဒေးကျေးရွာနှင့် ကန်ချောက်ကျေးရွာအုပ်စု၊ ကန်ချောက်ရွာတို့တွင် ကျေးလက်ကျန်းမာရေးဌာနများ ဖွင့်လှစ်ပေးနိုင်ခြင်း ရှိ/မရှိ သိရှိလိုပါသည်။

(၃) မကွေးတိုင်းဒေသကြီး၊ စလင်းမြို့နယ်၊ မြောက်ချောင်းဖြူကျေးရွာအုပ်စု၊ ဆုတ်လေဦးနှင့် ဒေါင့်ဘိုးကျေးရွာအုပ်စု၊ ဒေါင့်ဘိုးကျေးရွာနှင့် ညောင်ပင်လယ်ကျင်းကျေးရွာအုပ်စု၊ မကျီးထူး ကျေးရွာအကြား ကျေးရွာချင်းဆက်လမ်း ဖောက်လုပ်ဆက်သွယ်ပေးရန် အစီအစဉ်ရှိ/မရှိသိရှိ လိုပါသည်။

(၄) မကွေးတိုင်းဒေသကြီး၊ စလင်းမြို့နယ်၊ သရက်ချဉ်ကျေးရွာအုပ်စု၊ သစ္စာမြိုင်ရပ်ကွက်အတွင်း မြေသားလမ်းများကို မြေနီကျောက်ကြီးခင်း ကျောက်ချောလမ်းများအဖြစ် အဆင့်မြှင့်တင် ပေးနိုင်ခြင်းရှိ/မရှိ သိရှိလိုပါသည်။

**ဦးစိုးမြင့်(ဝန်ကြီး၊ စိုက်ပျိုးမွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန)။ ။** စလင်းမြို့နယ်၊ ဆင်ဖြူကျွန်းမြို့တွင်း ဆင်ဖြူကျွန်း - ကျွန်းညိုကားလမ်းသည် နွယ်တမယ်တံတားထိပ် မိုင်တိုင် (၀/၀)မှ ကျွန်းညိုရွာ မြစ်ဆိပ်ကမ်းမိုင်(၁/၄)မိုင်ထိ (၁)မိုင် (၄)ဖာလုံ အရှည်ရှိပြီး(၁၂)ပေ အကျယ်ကတ္တရာလမ်းဖြစ်ပါသည်။ အဆိုပါလမ်းအား ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် တိုင်းဒေသကြီး ပြင်ဆင်ထိန်းသိမ်းခြင်းရန်ပုံငွေ (၁.၂၂၅)သန်းဖြင့် မိုင်တိုင်(၀/၀)မှ ၃ ဖာလုံအထိ) (၂၃၁၀)ပေအား လမ်းဘေး ဝဲ/ယာနှစ်ဖက်တွင် (၂)ပေအကျယ် (၂)ပေအနက် မြေသားရေမြောင်းတူးဖော်ခြင်း လုပ်ငန်းများ ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

ကျန်ရှိနေသည့်(၁မိုင်၁/၂ဖာလုံ) (၅၆၁၀)ပေအား မြေသားရေမြောင်းတူးခြင်းနှင့် အကွက်ချ မြေပုံအရ ဆင်ဖြူကျွန်းမြို့တွင်း လမ်းသွယ်များတွင်ဖြတ်မည့် (၃'x ၃'x ၁၈') ကွန်ကရစ်ရေပြွန် (၁၇) စင်းအား ၂၀၁၇-၂၀၁၈ဘဏ္ဍာရေးနှစ်တွင် တိုင်းဒေသကြီးခွင့်ပြုရန်ပုံငွေ တောင်းခံ၍ ဆောင်ရွက် သွားမည်ဖြစ်ပါကြောင်း ဖြေကြားအပ်ပါသည်။

**ဒေါက်တာခင်မောင်အေး(ဝန်ကြီး၊ သယံဇာတ၊ သဘာဝပတ်ဝန်းကျင်၊ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန)။ ။** စလင်းမြို့နယ်၊ ရဒေးကျေးရွာအုပ်စု၊ ရဒေးကျေးရွာနှင့် ကန်ချောက်ကျေးရွာ အုပ်စု၊ ကန်ချောက်ကျေးရွာတို့တွင် ကျေးလက်ကျန်းမာရေးဌာနများ ဖွင့်လှစ်ပေးနိုင်ခြင်းရှိ/မရှိနှင့် ပတ်သက်၍ ယင်းကျေးရွာများသည် ယခင်ကျေးလက်ကျန်းမာရေးဌာန ဖွင့်လှစ်ပေးနိုင်ရန် ဌာနဆိုင်ရာ အဆင့်ဆင့်မှ တင်ပြဆောင်ရွက်ထားခြင်း မရှိပါ။

သို့ဖြစ်ပါ၍ ကျေးလက်ကျန်းမာရေးဌာန ဖွင့်လှစ်ခွင့်အတွက် အဆိုပါကျေးရွာများ၏ ဒေသအခြေခံ အချက်အလက်များတင်ပြရန် စလင်းမြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနသို့ ညွှန်ကြားဆောင်ရွက်ပြီး လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်တင်ပြဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ဖြေကြားအပ်ပါသည်။

**ဦးစိုးမြင့်(ဝန်ကြီး၊ စိုက်ပျိုးမွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန)။** ။ စလင်းမြို့နယ်၊ မြောက်ချောင်းဖြူကျေးရွာအုပ်စု၊ ဆုတ်လေဦးကျေးရွာနှင့် ဒေါင့်ဘိုးကျေးရွာအုပ်စု၊ ဒေါင့်ဘိုးကျေးရွာနှင့် ညောင်ပင်လယ်ကျင်းကျေးရွာအုပ်စု၊ မကျီးထူးကျေးရွာအကြားသို့ ဆက်သွယ်ထားသော ကျေးရွာချင်းဆက်လမ်းမှာ စလင်း-ဆိပ်ဖြူလမ်းမကြီး မိုင်တိုင် (၄၆/၁)အနီးမှစသော နွယ်တမယ် - သရက်တောလမ်း မိုင်တိုင်(၁/၅)အနီး သိမ်ကုန်းကန်အနီးမှစတင်ကာ မကျီးထူးကျေးရွာအထိ (၁၁/၄) မိုင်ရှည်လျားပြီး ကျေးရွာပေါင်း (၁၁)ရွာ၊ အိမ်ခြေ (၁၀၄၄)၊ လူဦးရေ(၄၈၁၇) ဦးခန့် သွားလာအသုံးပြုသောလမ်းဖြစ်ပါသည်။

အဆိုပါ သိမ်ကုန်း- ဒေါင့်ဘိုး- ညောင်ပင်လယ်ကျင်း- မကျီးထူးလမ်း၏ လက်ရှိ အခြေအနေမှာ ပျမ်းမျှလမ်းအကျယ် (၁၈)ပေခန့်ရှိပြီး လမ်းနယ်နိမိတ်သတ်မှတ်၍ မရသော မြေသားလမ်းကြမ်းဖြစ်ပြီး အချို့နေရာများတွင် မြေသားလမ်းထုမရှိ၍ ရေစီးကြောင်း ချိုင့်ခွက်များ ရှိပါသည်။

သို့ဖြစ်ပါ၍ အဆိုပါ သိမ်ကုန်း-ဒေါင့်ဘိုး-ညောင်ပင်လယ်ကျင်း- မကျီးထူးလမ်း (၁၁/၄)မိုင်အား မြေသားလမ်းထု မရှိ၍ ရေစီးကြောင်း ချိုင့်ခွက်များရှိသော နေရာများအား မြေသားပြုပြင်၍ မြေနီကျောက်စရစ်လမ်း(၁၂)ပေ အကျယ်(၈)လက်မထု ခင်းမည်ဆိုပါက ကျပ်သန်းပေါင်း(၂၀၂.၄၀) ခန့်ကုန်ကျမည်ဖြစ်ပြီး လာမည့်ဘဏ္ဍာရေးနှစ်များတွင် ပါဝင်နိုင်ရေးအတွက် ဆက်လက်တင်ပြပေးသွားမည်ဖြစ်ပါကြောင်း ဖြေကြားအပ်ပါသည်။

**ဦးစိုးမြင့်(ဝန်ကြီး၊ စိုက်ပျိုးမွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန)။** ။ စလင်းမြို့နယ်၊ သရက်ချဉ်ကျေးရွာအုပ်စု၊ သစ္စာမြိုင်ကျေးရွာအတွင်းရှိလမ်းမှာ စလင်း-ဆိပ်ဖြူလမ်းမကြီး မိုင်တိုင်(၄၃/၄) အနီးမှစတင်၍ အရှေ့ဘက်(၀/၃.၅)မိုင်ခန့် လမ်းအရှည်ရှိပြီး သစ္စာမြိုင်ကျေးရွာအတွင်းရှိ အိမ်ခြေ( ၂၂၀ )၊ လူဦးရေ(၈၃၀)ဦးခန့် သွားလာအသုံးပြုနေသောလမ်းဖြစ်ပါသည်။

အဆိုပါလမ်း၏ လက်ရှိအခြေအနေမှာ လမ်းအကျယ်(၃၀)ပေရှိသော မြေသားလမ်း ဖြစ်ပါသည်။ အဆိုပါ သစ္စာမြိုင်ကျေးရွာတွင်းလမ်း (၀/၃.၅)မိုင်အား အကျယ်(၁၂)ပေ (၈)လက်မထု မြေနီကျောက်စရစ်ခင်းခြင်း လုပ်ငန်းဆောင်ရွက်မည်ဆိုပါက ကျပ်သန်းပေါင်း(၇.၇၀)ခန့် ကုန်ကျမည်ဖြစ်ပြီး လာမည်ဘဏ္ဍာရေးနှစ်များတွင်ပါဝင်နိုင်ရေးအတွက် ဆက်လက်တင်ပြပေးသွားမည်ဖြစ်ပါကြောင်း ဖြေကြားအပ်ပါသည်။

**ဦးသက်နိုင်(မြိုင်မြို့နယ်မဲဆန္ဒနယ်အမှတ်-၁)။ ။ မေးခွန်း(၁)**

မကွေးတိုင်းဒေသကြီး၊ ပခုက္ကူခရိုင်၊ မြိုင်မြို့နယ်အတွင်းရှိ လက်ယက်မကျေးရွာ (၁၆)ကုတင်ဆံ့ တိုက်နယ်ဆေးရုံသည် ၁၉၇၆ ခုနှစ်တွင် စတင်တည်ထောင်ခဲ့ပြီး ၁၉၇၈ ခုနှစ်တွင် စတင်ဖွင့်လှစ်ခဲ့ပါသည်။ နှစ်ပေါင်း(၄၀)ခန့် ကြာမြင့်ခဲ့ပြီဖြစ်သော ကိုယ်ထူကိုယ်ထတိုက်နယ်ဆေးရုံမှာ ယခုအခါ ဆေးရုံအဖြစ်အသုံးပြုရန် မသင့်တော်တော့သည့် အခြေအနေသို့ ရောက်ရှိနေပါသည်။

တစ်လလျှင် ပျမ်းမျှအတွင်းလူနာ(၁၀၀)ခန့် ပြင်ပလူနာ(၁၂၀)ခန့် တက်ရောက်ကုသနေရပြီး ကျေးရွာပေါင်း(၂၀)ခန့်က အားကိုးအားထားပြုနေရသောတိုက်နယ်ဆေးရုံတစ်ခုဖြစ်ပါသဖြင့် ဒေသတွင်များစွာ အထောက်အကူဖြစ်စေပါသည်။

သို့ဖြစ်ပါ၍ လက်ယက်မရွာတိုက်နယ်ဆေးရုံအား ခေတ်မီတိုက်နယ်ဆေးရုံတစ်ခုအဖြစ် အဆောက်အဦအသစ်တည်ဆောက်ပေးရန် အစီအစဉ်ရှိ/မရှိနှင့် လိုအပ်သောဝန်ထမ်းများပြည့်စုံစွာ ခန့် ထားပေးနိုင်ခြင်းရှိ/မရှိ သိရှိလိုပါ၍ မေးမြန်းရခြင်းဖြစ်ပါသည်။

**မေးခွန်း(၂)**

မကွေးတိုင်းဒေသကြီး၊ မြိုင်မြို့နယ်ရှိ မြို့နယ်အားကစားကွင်း(ဘောလုံးကွင်း)သည် လေးဘက်လေးတန် လုံခြုံမှုရှိသော်လည်း ဘောလုံးကစားသမားများနှင့် ပွဲကြည့်ပရိသတ်များကြား အတားအဆီး၊ အကာအရံမရှိသောကြောင့် ဘောလုံးပွဲစဉ်များတွင် ခိုက်ရန်ဖြစ်ပွားသော ပြဿနာများ မကြာခဏကြုံတွေ့နေရပါသည်။

သို့ဖြစ်ပါ၍ ဘောလုံးကွင်းအတွင်း အားကစားသမားများနှင့် ပရိသတ်များအကြား ရန်းရင်းဆန်ခတ်ဖြစ်ပွားမှု မရှိနိုင်စေရန်နှင့် ကစားသမားများ အနှောင့်အယှက်ကင်းစွာ ကစားနိုင်ရေးတို့ အတွက် သံဇကာများကာရံပေးရန် အစီအစဉ်ရှိ/မရှိ သိရှိလို၍ မေးမြန်းရခြင်းဖြစ်ပါသည်။

**ဒေါက်တာခင်မောင်အေး (ဝန်ကြီး၊ သယံဇာတ၊ သဘာဝပတ်ဝန်းကျင် လျှပ်စစ်နှင့် စွမ်းအင် ဝန်ကြီးဌာန)။** ။ မကွေးတိုင်းဒေသကြီး၊ ပခုက္ကူခရိုင်၊ မြိုင်မြို့နယ်၊ လက်ယက်မတိုက်နယ် ဆေးရုံ၏ ၂၀၁၁ မှ ၂၀၁၅ အထိ ဆေးရုံလုပ်ငန်းဆောင်ရွက်မှု အညွှန်းကိန်းများအား အောက်ပါ အတိုင်း တင်ပြအပ်ပါသည်-

| စဉ် | အကြောင်းအရာ | ၂၀၁၁ | ၂၀၁၂ | ၂၀၁၃ | ၂၀၁၄ | ၂၀၁၅ |
|---|---|---|---|---|---|---|
| ၁ | တစ်ရက်ပျမ်းမျှပြင်ပလူနာဦးရေ | ၂.၃၉ | ၆.၆ | ၂.၃ | ၅.၂ | ၃.၉၁ |
| ၂ | တစ်ရက်ပျမ်းမျှအတွင်းလူနာဦးရေ | ၁၂.၆ | ၄.၄ | ၄.၆ | ၃ | ၅.၁ |
| ၃ | လူနာတစ်ဦး၏ပျမ်းမျှဆေးရုံတက်ရက် | ၁၂.၆ | ၁.၅ | ၁.၃ | ၃.၅ | ၅.၁ |
| ၄ | ဆေးရုံခွင့်ပြုကုတင်အသုံးပြုမှုရာခိုင်နှုန်း | ၇၈.၅ | ၂၇.၅ | ၂၈.၇ | ၁၆.၅ | ၃၁.၈ |

| | | | | | | |
|---|---|---|---|---|---|---|
| | (Senction Bed) | | | | | |
| ၅ | ဆေးရုံအသုံးပြုနိုင်သည့်ကုတင်အသုံးပြုမှုရာခိုင်နှုန်း (Available- Bed) | ၇၈.၅ | ၂၇.၅ | ၂၈.၇ | ၁၆.၅ | ၃၁.၈ |
| ၆ | တစ်နှစ်အတွင်းကုတင်တစ်လုံးမှ ပျမ်းမျှဆေးရုံဆင်းလူဦးရေ | ၅၈.၇ | ၆၇ | ၂၂.၉ | ၁.၄၂ | ၂.၅ |
| ၇ | ကုတင်တစ်လုံးတွင် လူနာမရှိလွတ်နေသည့် ပျမ်းမျှရက် | ၁.၃၂ | ၃.၉ | ၁၁.၃ | ၂.၃ | ၅.၃ |
| ၈ | ဆေးရုံအတွင်းလူနာသေဆုံးမှုရာခိုင်နှုန်း | ၁၂ | ၉ | - | - | - |

မြိုင်မြို့နယ်၊ လက်ယက်မတိုက်နယ်ဆေးရုံ၏ ၂၀၁၁ မှ ၂၀၁၅ ခုနှစ်အထိ ဆေးရုံလုပ်ငန်းဆောင်ရွက်မှု အညွှန်းကိန်းများအရ ဆေးရုံအသုံးပြုနိုင်သည့် ကုတင်အသုံးပြုမှုရာခိုင်နှုန်း (Available- Bed) မှာ ၂၀၁၁ ခုနှစ်တွင်း ၇၈.၅ %၊ ၂၀၁၂ ခုနှစ်တွင် ၂၇.၅%၊ ၂၀၁၃ ခုနှစ်တွင် ၂၈.၇ %၊ ၂၀၁၄ ခုနှစ်တွင် ၁၆.၅ %နှင့် ၂၀၁၅ ခုနှစ်တွင် ၃၁.၈ % ဖြစ်ပါသည်။

မြိုင်မြို့နယ်၊ လက်ယက်မတိုက်နယ်ဆေးရုံ၏ ၂၀၁၁ မှ ၂၀၁၅ အထိ ဆေးရုံခွင့်ပြုကုတင်အသုံးချမှုရာခိုင်နှုန်း(Senction Bed)နှင့် ဆေးရုံအသုံးပြုနိုင်သည့် ကုတင်အသုံးပြုမှုရာခိုင်နှုန်း (Available- Bed)တို့အရ ကုသဆောင်ရွက်မှု ၁၀၀ % ပြည့်မီခြင်းမရှိကြောင်း တွေ့ရှိရပါသဖြင့် မြိုင်မြို့နယ်၊ လက်ယက်မတိုက်နယ်ဆေးရုံကို ခေတ်မီတိုက်နယ်ဆေးရုံတစ်ခုအဖြစ် အဆောက်အဦးအသစ်တည်ဆောက်ပေးရန်အတွက် ၂၀၁၆-၁၇ ဘဏ္ဍာရေးနှစ်အတွင်း အစီအစဉ်မရှိပါ။

လက်ယက်မတိုက်နယ်ဆေးရုံ ဝန်ထမ်းအင်အားအနေဖြင့် ခွင့်ပြု(၁၉)ဦး၊ ခန့်ထား(၃)ဦးနှင့် လစ်လပ်(၆)ဦးရှိပြီး လစ်လပ်ဝန်ထမ်းအနေဖြင့် လက်ထောက်ဆရာဝန်(တာဝန်ခံ)(၁)ဦး၊ သူနာပြု-၃ (၃)ဦး၊ ကျန်းမာရေးမှူး (ကြီးကြပ်-၁) (၁)ဦးနှင့် ဓါတ်ခွဲကျွမ်းကျင်-၄ (၁)ဦးတို့ လစ်လပ်လျက်ရှိပါသည်။ လစ်လပ်လျက်ရှိသော လက်ထောက်ဆရာဝန်(တာဝန်ခံ)ရရှိရေးအတွက် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန(နေပြည်တော်)နှင့် ညှိနှိုင်းဆောင်ရွက်ပေးမည်ဖြစ်ပြီး လစ်လပ်သူနာပြု-၃(၃) ဦး ရရှိရေးနှင့်ပတ်သက်၍ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန(နေပြည်တော်)မှ သစ်လွင်သူနာပြုများ ခန့်ထားပေးပါက ဦးစားပေးချထားပေးသွားမည်ဖြစ်ပါသည်။ ဓါတ်ခွဲကျွမ်းကျင်-၄ (၁) ဦး ခန့်ထားရေးနှင့်ပတ်သက်၍ အမျိုးသားကျန်းမာရေးဓါတ်ခွဲမှုဆိုင်ရာဌာန(ရန်ကုန်)မှ ဖြည့်စွက်ခန့်ထားပေးခြင်း သို့မဟုတ် မကွေးတိုင်းဒေသကြီးအတွင်းရှိ ကုသရေးဦးစီးဌာနအသီးသီးမှ မြိုင်မြို့နယ်၊ လက်ယက်မ တိုက်နယ်ဆေးရုံသို့ ပြောင်းရွှေ့လိုသည့်ဝန်ထမ်းအား ပြောင်းရွှေ့စေခြင်းဖြင့် ခန့်ထားဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်းဖြေကြားအပ်ပါသည်။

**ဒေါက်တာခင်မောင်အေး (ဝန်ကြီး၊ သယံဇာတ၊ သဘာဝပတ်ဝန်းကျင် လျှော့ပစ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန)။** ။ မြိုင်မြို့နယ်အားကစားကွင်းသည် ဧရိယာဧက(၈.၃၅၂) ကျယ်ဝန်းပါသည်။ နှစ်စဉ် မြို့နယ်အားကစားနှင့် ကာယပညာကော်မတီ ဥက္ကဋ္ဌဖလား ရပ်ကွက်/ ကျေးရွာပေါင်းစုံ ဘောလုံးပြိုင်ပွဲများနှင့် TSDP အစီအစဉ်အရ အားကစားနည်း(၄)မျိုး (ဘောလုံး/ဘော်လီဘော်/ ပြေးခုန်ပစ်/ ပိုက်ကျော်ခြင်း) ပြိုင်ပွဲများ ကျင်းပပြုလုပ်လျက်ရှိပြီး ကွင်းလုံခြုံမှု မရှိသေးပါသဖြင့် ပြိုင်ပွဲကျင်းပရေး စည်းကမ်းထိန်းသိမ်းရာတွင် အခက်အခဲများ ကြုံတွေ့နေရကြောင်း၊ မြို့နယ်အားကစားနှင့် ကာယ ပညာဦးစီးဌာန၏ အစီရင်ခံစာများအရ သိရှိရပါသည်။

မြိုင်မြို့နယ်အားကစားကွင်းအတွက် ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်မှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်အတွင်း ဂိုးအခြေပြဘုတ် ကျပ်(၈.၅)သိန်းဖြင့်လည်းကောင်း၊ (၇၂×၂၅)ပေရှိ ရုံးအပါအဝင် (၃)ခန်းတွဲ အားကစားရုံအား ကျပ်(၁၃၂.၆)သိန်းဖြင့်လည်းကောင်း၊ TSDPပြိုင်ပွဲကျင်းပရေး/ ပွဲကြည့်စင်အသေးစားပြုပြင်ခြင်းတို့အတွက် ကျပ်(၅.၅)သိန်းဖြင့်လည်းကောင်း ပြင်ဆင်ဆောင်ရွက် ပေးနိုင်ခဲ့ပါသည်။ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တွင် လျာထား တင်ပြထားခြင်း မရှိသေးပါကြောင်းနှင့် ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင် တည်ဆောက်ပေးရန် လျာထားတင်ပြ၍ ဘဏ္ဍာရန်ပုံငွေ ခွင့်ပြုချက်ရရှိပါက ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ဖြေကြားအပ်ပါသည်။

**ဒေါ်သက်မွန်အေး(ဆိပ်ဖြူမြို့နယ်မဲဆန္ဒနယ်အမှတ်-၁)။** ။ လေးစားအပ်ပါသော လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များရှင့်။ ကျွန်မကတော့ ဆိပ်ဖြူမြို့နယ် မဲဆန္ဒနယ်အမှတ်(၁) တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဒေါ်သက်မွန်အေး ဖြစ်ပါတယ်။ ကျွန်မမေးမြန်းလိုတဲ့မေးခွန်းကတော့ ပခုက္ကူခရိုင်၊ ဆိပ်ဖြူမြို့နယ်၊ မြင်ကဝအုပ်စု၊ အောက်ဆိပ်ကျေးရွာ 'အောက်ဆိပ်မြစ်ရေတင်စီမံကိန်းဆောင်ရွက်ရာတွင် ပါဝင်သွားသော စိုက်ပျိုးမြေများအား နစ်နာကြေး၊ ထောက်ပံ့ကြေးဆောင်ရွက်ပေးနိုင်ပါရန်' အတွက် မေးမြန်းလိုခြင်းဖြစ်ပါ တယ်။

လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးရှင့် မကွေးတိုင်းဒေသကြီး၊ ပခုက္ကူခရိုင်၊ ဆိပ်ဖြူမြို့နယ်၊ အောက်ဆိပ်ကျေးရွာ၊ ကွင်းအမှတ်(၁၁၂၃/၁၉၄၇)၊ တောင်သူ(၁၁)ဦး၏စိုက်ပျိုးနေသော ယာမြေကိုင်းမြေဧက (၄၈)ဧကကျော်အား ၂၀၀၆-၂၀၀၇ ခုနှစ် လယ်ယာနှင့်ဆည်မြောင်း ဝန်ကြီးဌာန၊ မြစ်ရေ တင်စီမံကိန်းဆောင်ရွက်ရန်အတွက် သိမ်းဆည်းခဲ့ပါတယ်ရှင်။

လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးရှင့် တောင်သူများ သိမ်းဆည်းခံရမှုနှင့်ပတ်သက်၍ ၁၇.၁၁.၂၀၁၄ နေ့စွဲဖြင့် ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့သို့ လျော်ကြေး၊ နစ်နာကြေး တောင်းခံတင်ပြခဲ့သော်လည်း ဆောင်ရွက်ပေးခြင်းမရှိပါသဖြင့် တောင်သူ(၁၁)ဦးမှာ လယ်မြေပျောက်သွားသော တောင်သူများဖြစ်ပါတယ်ရှင်။ တောင်သူများမှာ စားဝတ်နေရေး၊ ပညာရေး၊ ကျန်းမာရေး

အားလုံးချို့တဲ့နစ်နာခဲ့ရပါတယ်ရှင်။ ကိုင်းမြေ၊ ယာမြေများ ဆုံးရှုံးခဲ့ရသည့်အတွက် အလုပ်လက်မဲ့ဖြစ်၍ ကြုံရာအလုပ်သမားများအဖြစ် ရပ်တည်နေကြရပါတယ်ရှင်။

လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးရှင့် ၂၀၁၂ ခုနှစ်၊ လယ်ယာမြေနည်းဥပဒေ အခန်း (၈) ပုဒ်မ ၆၆ တွင် နိုင်ငံတော်အတွက် နိုင်ငံတော်အကျိုးငှာ သိမ်းယူသည့်ကိစ္စရပ်များတွင် နစ်နာကြေးနှင့် လျော်ကြေးရထိုက်ခွင့်ရှိသည့် လယ်ယာမြေလုပ်ပိုင်ခွင့်ရရှိသူအား နစ်နာကြေးနှင့် လျော်ကြေးကို နိုင်ငံတော်ကပေးရမည်၊ နည်းဥပဒေပုဒ်မ ၆၇(ခ)(၂)တွင်လည်း နိုင်ငံတော်၏ ရေရှည်အမျိုးသားရေးအကျိုးစီးပွားအလို့ငှာငွေကြေးအကျိုးအမြတ်ဖြစ်ထွန်းနိုင်မှုရှိသော စီးပွားရေးလုပ်ငန်းအတွက် အသုံးပြုခြင်းဖြစ်လျှင် လယ်ယာမြေလုပ်ပိုင်ခွင့်ရှိသူ နစ်နာခြင်းမရှိစေရေးအတွက် ညှိနှိုင်းသဘောတူညီသည့် ငွေကြေးပမာဏ (သို့မဟုတ်)ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့က ဖွဲ့စည်းပေးထားသော လျော်ကြေးငွေသတ်မှတ်ရေးအဖွဲ့က စီးပွားရေးလုပ်ငန်းအမျိုးအစားအပေါ်မူတည်၍ ဆုံးဖြတ်သည့်ကာလပေါက်ဈေးဖြင့် တွက်ချက်သော တန်ဘိုးအောက်မနိမ့်သည့် ငွေကြေးပမာဏ ဖော်ပြပါရှိပါတယ်ရှင်။

လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးရှင့် မကွေးတိုင်းဒေသကြီး၊ ပခုက္ကူခရိုင်၊ ဆိပ်ဖြူမြို့နယ်၊ အောက်ဆိပ်ကျေးရွာရှိ ကွင်း(၁၁၂၃)၊ ကွင်း(၁၁၂၃/၁၉၄၇) ဦးပိုင်တောင်သူ(၁၁)ဦး၏ ကိုင်း၊ လယ်မြေ၊ ယာမြေဧရိယာ (၄၈)ဧကကျော် စိုက်ပျိုးခွင့်၏နစ်နာဆုံးရှုံးနေမှုအပေါ် ဥပဒေ၊ နည်းဥပဒေနှင့်အညီ နစ်နာကြေး၊ ထောက်ပံ့ကြေးများ ဆောင်ရွက်ပေးနိုင်ပါရန် အချိန်မီပေးရန် အစီအစဉ်ရှိ/မရှိ သိရှိလိုပါကြောင်း တင်ပြမေးမြန်းအပ်ပါတယ်ရှင်။ အားလုံးကိုကျေးဇူးတင်ပါတယ်ရှင်။

**ဦးစိုးမြင့်(ဝန်ကြီး၊ စိုက်ပျိုးမွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန)။ ။**

ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန(ရေအရင်းအမြစ်)၊ ဆိပ်ဖြူ၊ အောက်ဆိပ်လျှပ်စစ်မြစ်ရေတင်စီမံကိန်းသည် ၂၀၀၆-၀၇ ဘဏ္ဍာရေးနှစ်တွင် စတင်တည်ဆောက်ခဲ့ပြီး ၂၀၀၈-၀၉ ဘဏ္ဍာရေးနှစ်မှစတင်၍ နွေသီးနှံ၊ မိုးသီးနှံများအား စိုက်ပျိုးရေပေးဝေလျက်ရှိသော ဆောင်ရွက်ဆဲမြစ်ရေတင်စီမံကိန်း တစ်ခုဖြစ်ပါသည်။

စီမံကိန်းဆောင်ရွက်ရာတွင်နစ်နာဆုံးရှုံးသွားသော တောင်သူများအတွက် မြေယာလျော်ကြေးပေးနိုင်ရန်ဌာနမှ ၂၀၁၆-၁၇ ဘဏ္ဍာရေးနှစ်၊ ငွေလုံးငွေရင်း(ပြည်ထောင်စု)ဘတ်ဂျက်တွင် ခွင့်ပြုချက်ရရှိပြီးဖြစ်ပါသည်။

အဆိုပါနစ်နာဆုံးရှုံးသွားသော တောင်သူများ၏ မြေဧရိယာတွင် အသုံးပြုခဲ့သော ဆောင်ရွက်ပြီး ပင်မမြောင်း၊ လက်တံမြောင်း၊ ရေတင်စက်ရုံနှင့် အဆောက်အဦးဧရိယာများအတွက် မြေယာလျော်ကြေးပေးနိုင်ရန် ဆိပ်ဖြူမြို့နယ်လယ်ယာမြေစီမံခန့်ခွဲမှုကော်မတီ သို့မဟုတ် လက်ထောက်ညွှန်ကြားရေးမှူးရုံး၊ ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန(ရေအရင်းအမြစ်)၊ ပခုက္ကူ

မြို့၏(၂.၉.၂၀၁၆) ရက်စွဲပါစာအမှတ်၊ စီမံ/၂/၃၄၀၈၅(၉၈၇/၂၀၁၆)ဖြင့် တွက်ချက်ပေးရန် ညှိနှိုင်းထားပါသည်။

လယ်ယာမြေဆုံးရှုံးသွားသော တောင်သူများစာရင်းနှင့် လယ်ယာမြေတန်ဘိုးများအား လယ်ယာမြေစီမံခန့်ခွဲမှုကော်မတီမှ အတည်ပြုသတ်မှတ်ပြီးပါက ပေးလျော်ရန်အတွက် ဆက်လက်ဆောင်ရွက် သွားမည်ဖြစ်ပါကြောင်း ဖြေကြားအပ်ပါသည်။

**ဒေါ်သက်မွန်အေး(ဆိပ်ဖြူမြို့နယ်မဲဆန္ဒနယ်အမှတ်-၁)။** ။ လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များရှင့်။

အားလုံးပဲ မင်္ဂလာပါလို့ ဦးစွာနှုတ် ခွန်းဆက်သအပ်ပါတယ်ရှင်။ ကျွန်မကတော့ ဆိပ်ဖြူမြို့နယ်မဲဆန္ဒနယ်အမှတ်(၁) တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဒေါ်သက်မွန်အေးဖြစ်ပါတယ်ရှင့်။ ကျွန်မကတော့ သယံဇာတ၊ သဘာဝပတ်ဝန်းကျင်၊ လျှပ်စစ်နှင့်စွမ်းအင်ဆိုင်ရာကော်မတီကိုယ်စား မေးမြန်းသည့် မေးခွန်းအကြောင်းအရာဖြစ်ပါတယ်ရှင့်။

လေးစားအပ်ပါသောလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များရှင့်-

**“ တရားမဝင်သစ်ခိုးထုတ်လုပ်မှုမှ ဖမ်းဆီးထားသော သစ်များကို အချိန်မီလေလံပေးခြင်း ရှိ/မရှိနှင့် ချိန်းဆောများကို တရားဥပဒေနှင့်အညီ ဆောင်ရွက်မည်နည်း”** နှင့်ပတ်သက်လို့ မေးမြန်းခြင်းဖြစ်ပါတယ်ရှင့်။

လေးစားအပ်ပါသောလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များရှင့်-

မကွေးတိုင်းဒေသကြီး၊ မြို့နယ်အလိုက် တရားမဝင်သစ်ခိုးထုတ်လုပ်မှုမှ ရရှိသောသစ်များကို ဥပဒေအရ စီမံဆောင်ရွက်ရာတွင် နှောင့်နှေးကြန့်ကြာမှုများ ရှိနေပါသဖြင့် လေလွင့်ပျက်စီးမှုမရှိဘဲ အချိန်မီ မည်ကဲ့သို့လေလံလုပ်ငန်းများကို အမြန်ဆုံးပြီးစီးအောင် ဆောင်ရွက်နိုင်မှုအခြေအနေ အားနည်းနေခြင်းများရှိနေပါတယ်ရှင့်။ သစ်များပျက်စီးခြင်းကြောင့် နိုင်ငံတော်ဘဏ္ဍာငွေများ နစ်နာဆုံးရှုံးနေပါတယ်ရှင့်။ နိုင်ငံတော်ဘဏ္ဍာအခွန်များ ရရှိရေးအတွက် တရားမဝင်ဖမ်းဆီးရရှိသော သစ်များမှအမှန်တကယ်ပြည်သူ့ဘဏ္ဍာအခွန်များရရှိရေးအတွက် သက်ဆိုင်ရာဌာနများအနေဖြင့် အချိန်မီ လေလံပေးခြင်းရှိ/မရှိ မေးမြန်းအပ်ပါတယ်ရှင့်။

လေးစားအပ်ပါသောလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များရှင့်-

**‘ ချိန်းဆောနှင့်ပတ်သက်၍ မကွေးတိုင်းဒေသကြီးအတွင်း အသုံးပြုခွင့် တစ်မြို့နယ်လျှင် ချိန်းဆောဘယ်နှစ်ခု အသုံးပြုခွင့်ပေးထားသနည်း။ လက်ရှိအခြေအနေအရ မကွေးတိုင်းဒေသကြီး အတွင်း ချိန်းဆောနှင့်ပတ်သက်၍ ဥပဒေအရ အရေးယူဆောင်ရွက်မှု ဘယ်နှစ်မှုရှိသလဲ’** မေးမြန်းအပ်ပါတယ်။

အားလုံးကိုကျေးဇူးတင်ပါတယ်ရှင်။

**ဒေါက်တာခင်မောင်အေး (ဝန်ကြီး၊ သယံဇာတ၊ သဘာဝပတ်ဝန်းကျင် လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန)။** ။ မကွေးတိုင်းဒေသကြီးအတွင်း ဖမ်းဆီးရမိသစ်များအား အမှုပြီးပြတ်အောင် အမြန်ဆောင်ရွက်၍ အမှုပြီးပြတ်ပါက ပုံစံ(၈)စာရင်းရေးသွင်းပြီး လေလွင့်ဆုံးရှုံးမှုမရှိစေရေး အတွက် သစ်တောဦးစီးဌာနမှ မြန်မာ့သစ်လုပ်ငန်းသို့ လွှဲပြောင်းပေးအပ်ခြင်း ဆောင်ရွက်ပါကြောင်း၊ မြန်မာ့သစ်လုပ်ငန်းမှ မယူလိုကြောင်း ပြန်ကြားချက်ရရှိခြင်း(သို့မဟုတ်) မယူလိုကြောင်း ပြန်ကြားချက်မရရှိသော်လည်း အကြောင်းကြားသည့်နေ့မှ ရက်ပေါင်း(၂၀)ကျော်လွန်ပါက မြန်မာ့သစ်လုပ်ငန်းမှ လက်ခံရယူ ခြင်းမရှိသည့် ကျွန်းနှင့် တားမြစ်ရာပါသစ်များကို လေလံတင်ရောင်းချရေးအတွက် မြို့နယ်/ ခရိုင်/ တိုင်းဒေသကြီးတို့မှတစ်ဆင့် သစ်တောဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်ရုံးသို့ တင်ပြပြီး ခွင့်ပြုချက်ရရှိပါက လေလံတင်ရောင်းချနိုင်ပါရန် မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့သို့တင်ပြ၍ သယံဇာတ၊ သဘာဝပတ်ဝန်းကျင်၊ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီး ဦးဆောင်သောအဖွဲ့ဖြင့် လေလံတင်ရောင်းချခြင်းဆောင်ရွက် ပါသည်။

ကျွန်းနှင့် တားမြစ်ရာပါသစ်များမှအပ ကျန်အခြားသစ်များအား လေလွင့်ဆုံးရှုံးမှုမရှိစေရေး အတွက် မြန်မာ့သစ်လုပ်ငန်းနှင့် ညှိနှိုင်းခြင်းကို အပိုဒ်(၁)ပါလုပ်ထုံးလုပ်နည်းနှင့်အညီ ဆောင်ရွက်ပြီး နောက် ပုံစံ(၈)အခြားသစ်များအား တိုင်းဒေသကြီးသစ်တောဦးစီးဌာနအစီအစဉ်ဖြင့် လေလံတင်ထုခွဲရောင်းချရေးအား သစ်တောဦးစီးဌာနမှ မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့သို့ တင်ပြ၍ ဖွဲ့စည်းထားသောအဖွဲ့ဖြင့် ညွှန်ကြားရေးမှူးချုပ်ရုံးသို့ အတည်ပြုချက်ရယူ တင်ပြဆောင်ရွက်လျက်ရှိပါသည်။

မကွေးတိုင်းဒေသကြီးအတွင်း မြို့နယ်များတွင် ချိန်းဆောအသုံးပြုမှုနှင့်ပတ်သက်၍ အရေးအတွက်ကန့်သတ်ခွင့်ပြုထားခြင်းမရှိပါကြောင်း၊ ချိန်းဆောကိုင်ဆောင်ခွင့်ရရှိရန် လျှောက်ထားလာပါက ခိုင်လုံသည့်အကြောင်းပြချက်ရှိမှသာစိစစ်၍ သက်ဆိုင်ရာခရိုင်ရုံး၌ မှတ်ပုံတင်စာရင်းသွင်း၍ ခွင့်ပြုလျက်ရှိပါကြောင်းတင်ပြအပ်ပါကြောင်း၊ လက်ရှိအခြေအနေအရ တိုင်းဒေသကြီးအတွင်း မြို့နယ်/ ခရိုင်အသီးသီးတွင် ချိန်းဆောစစ်ဆေးကြီးကြပ်ရေးကော်မတီကို ခရိုင်/မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ စည်ပင်သာယာရေးအဖွဲ့၊ မြန်မာ့သစ်လုပ်ငန်း၊ သစ်တောဦးစီးဌာနတို့ ပါဝင်သောအဖွဲ့ဖြင့် ဖွဲ့စည်းဆောင်ရွက်လျက် သက်တမ်းတိုးဆောင်ရွက်မှုမရှိသော ချိန်းဆောများအား စာရင်းမှပယ်ဖျက်ခြင်း၊ တရားမဝင် ဆက်လက်အသုံးပြုနေခြင်းများရှိပါက ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်ခြင်း ၊ တရားမဝင် လက်ဝယ်ထားမှုရှိ/မရှိ သတင်းစုံစမ်းခြင်း၊ ဖွဲ့စည်းထားသောအဖွဲ့နှင့်အတူ ဖော်ထုတ်အရေးယူ ဆောင်ရွက်ခြင်းတို့ ဆောင်ရွက်လျက်ရှိပါသည်။

မကွေးတိုင်းဒေသကြီးအတွင်း ၂၀၁၆-၁၇ ခုနှစ်တွင် ချိန်းဆော တရားဝင်မှတ်ပုံတင် ထားရှိမှုမှာ ဂန့်ဂေါခရိုင်၌ (၅)ခု၊ မကွေးခရိုင်၌(၁၆)ခု၊ မင်းဘူးခရိုင်၌(၅)ခု၊ တိုင်းဒေသကြီးအတွင်း စုစုပေါင်းချိန်းဆော(လက်ကိုင်စက်လှေ) (၂၆)ခု ဖြစ်ပါကြောင်းနှင့် ၂၀၁၆-၁၇ ဘဏ္ဍာနှစ်၌ ဩဂုတ်လကုန်အထိ တရားမဝင်ချိန်းဆောအသုံးပြုမှုဖြင့် အရေးယူဆောင်ရွက်ထားမှုများမှာ ဂန့်ဂေါခရိုင်၌ (၆) မှု၊ မကွေးခရိုင်၌ (၅)မှု၊ သရက်ခရိုင်၌(၂)မှု၊ တိုင်းဒေသကြီးစုစုပေါင်း(၁၈)မှု ဖြစ်ပါကြောင်း ဖြေကြားအပ်ပါသည်။

**ဦးတင့်လွင်(ရေနံချောင်းမဲဆန္ဒနယ်အမှတ်-၁)။** ။ ရေနံချောင်းမြို့တွင် ၂၀၁၅ ခုနှစ်၊ ဖေဖော်ဝါရီလက ဈေးမီးလောင်၍ ဈေးသစ်ကို နိုင်ငံတော်မှကျခံငွေ သိန်း(၆၀၀၀)နှင့် အာရုံဦး ကုမ္ပဏီမှ စိုက်ထုတ်ငွေများနှင့် တည်ဆောက်ခဲ့ပါသည်။

ယခုအခါ ရေနံချောင်းမြို့မဈေးကြီးမှာ မကွေးတိုင်းအတွင်း အကောင်းဆုံးဈေးသစ်ကြီး အဖြစ် ပေါ်ပေါက်လာပါပြီ။

ဈေးသစ်ကြီးမှာ သုံးထပ်ဖြစ်ပြီး အောက်ဆုံးအလွှာကို ယခင်ဈေးသူ/သားများ ပြန်လည် ရောင်းချခွင့်ရရှိခဲ့ပြီး အလယ်တစ်ထပ်ကို စည်ပင်သာယာရေးကော်မတီမှ တာဝန်ယူ၍ အခြားသော ရုပ်ရှင်ရုံများ၊ ရှောပင်းမောလ်များကို အာရုံဦးကုမ္ပဏီမှ တာဝန်ယူနေခြင်းများကို တွေ့ရှိရပါသည်။

နိုင်ငံတော်ပိုင် ဈေးမြေနေရာပေါ်တွင် တည်ဆောက်ထားသော ဈေးသစ်ကြီးပေါ်မှ အာရုံဦး ကုမ္ပဏီနှင့် နိုင်ငံတော်တို့ မည်သို့ကတိကဝတ်စာချုပ်စာတမ်းများ၊ နားလည်မှုများ ပြုလုပ်ထားသည် ကို မြို့နယ်စည်ပင်သာယာရေးကော်မတီ အမှုဆောင်အရာရှိထံ မေးမြန်းသော်လည်း ၎င်းမှာ ဂဃနဏမသိရှိကြောင်း အဖြေသာရရှိပါသဖြင့် နိုင်ငံတော်နှင့်ကုမ္ပဏီတို့ မည်သို့နားလည်မှုစာချုပ် စာတမ်းများ ချုပ်ဆိုထားသည်ကို ပြည်သူအများ ပွင့်လင်းမြင်သာစွာ သိရှိနိုင်ပါရန် မေးခွန်း မေးမြန်းအပ်ပါသည်။

**ဦးဇော်မင်း(ဝန်ကြီး၊ ဘဏ္ဍာရေး၊ စီမံကိန်းနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန)။** ။ ရေနံချောင်းမြို့မဈေးကြီးသည် (၁၇.၂.၂၀၁၅)ရက်နေ့တွင် မီးဘေးသင့်ခဲ့ပါသည်။ ဈေးကြီးပြန်လည် တည်ဆောက်ရေးအတွက် တိုင်းဒေသကြီးအစိုးရလမ်းညွှန်ချက်၊ တိုင်းဒေသကြီးစည်ပင်သာယာရေး အဖွဲ့၏အနီးကပ်ကြီးကြပ်မှုဖြင့် ကော်မတီ(၃)ရပ်တို့၏ သဘောတူဆုံးဖြတ်ချက်များအရ နိုင်ငံတော် ထောက်ပံ့ငွေသိန်း(၆၀၀၀)ဖြင့် ဈေးတည်ဆောက်ရန်အတွက် အိတ်ဖွင့်တင်ဒါခေါ်ယူခဲ့ပါသည်။

တင်ဒါစည်းမျဉ်းစည်းကမ်းများအရ အရဏ်ဦးကုမ္ပဏီမှ တင်ဒါအောင်မြင်၍ မြို့နယ်စည်ပင် သာယာရေးကော်မတီနှင့် ဈေးတည်ဆောက်ရေးသဘောတူစာချုပ်မူကြမ်းများ ညှိနှိုင်းဆွေးနွေးပြီး တိုင်းဒေသကြီးစည်ပင်သာယာရေးအဖွဲ့သို့ တင်ပြခဲ့ပါသည်။ တိုင်းဒေသကြီးစည်ပင်သာယာရေး

အဖွဲ့၏ နှုတ်မိန့်ညွှန်ကြားချက်အရ မြို့နယ်စည်ပင်သာယာရေးကော်မတီနှင့် အရဏ်ဦးဆောက်လုပ်ရေးကုမ္ပဏီတို့ စာချုပ်ချုပ်ဆိုပြီး ဈေးတည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့ကြပါသည်။

၂၀၁၅ ခုနှစ် အောက်တိုဘာလ(၁၇)ရက်နေ့တွင် ချုပ်ဆိုသော စာချုပ်အပိုဒ်(၂၂)၊ အကျိုးအမြတ် ခွဲဝေခံစားရန်နည်းလမ်းမှာ -

(က) **လုပ်ငန်းအပ်နှံသူ ရေနံချောင်းမြို့နယ်စည်ပင်သာယာရေးကော်မတီသည်**

(၁) မြေညီထပ်ရှိ အပြင်တန်းဆိုင်ခန်း(၆×၈)ပေ အကျယ်အဝန်းရှိ ဆိုင်ခန်း (၁၀၃) ခန်းနှင့်အတွင်းဆိုင်ခန်း(၆×၇)ပေ အကျယ်အဝန်းရှိ ဆိုင်ခန်း(၂၅၆)ခန်း စုစုပေါင်း (၃၅၉)ခန်း

(၂) ပထမထပ်ရှိ လူ(၅၀၀)ဆံ့ခန်းမ (၁၃၆×၈၄)ပေ၊ စင်မြင့်၊ နားနေခန်း၊ အရေးကြီးပုဂ္ဂိုလ်နားခန်းတို့ကို အကျိုးပြုခံစားခွင့်ရှိပါသည်။

(၃) မြေညီထပ်တစ်ခုလုံးနှင့် ပထမထပ်ရှိ (၁၃၆×၈၄) ပေအကျယ်အဝန်းရှိ လူ (၅၀၀)ဆံ့ခန်းမတို့ကို မြို့မဈေးကြီး၏အစိတ်အပိုင်းအဖြစ် သတ်မှတ်ပြီး စီမံခန့်ခွဲခွင့်ရရှိပါသည်။

(ခ) **လုပ်ငန်းလက်ခံသူ အရဏ်ဦးဆောက်လုပ်ရေးကုမ္ပဏီလီမိတက်သည်**

(၁) အဆောက်အဦး၏ပထမထပ်ရှိ(ခန်းမဧရိယာမှအပ)ကျန်ဧရိယာ(၁၃၆×၁၂၀) ပေ အကျယ်အဝန်းရှိနေရာကို လုပ်ငန်းလက်ခံသူ အရဏ်ဦးဆောက်လုပ်ရေး ကုမ္ပဏီလီမိတက်၏ အပြီးအပိုင်သီးခြားပိုင်ဆိုင်ပြီး စီမံခန့်ခွဲသည့်ဧရိယာ ဖြစ်ကြောင်း၊ ဤစာချုပ်အရ ခွဲခြားသတ်မှတ်၍ အပြီးအပိုင်ပိုင်ဆိုင်ခွင့် အခွင့်အရေး(Vested Right)အရ ပိုင်ဆိုင်မှုကို အသိအမှတ်ပြုကြပါသည်။

(၂) အထက်အပိုဒ်(၁)ပါ လုပ်ငန်းလက်ခံသူ စီမံခန့်ခွဲပိုင်ဆိုင်ခွင့်ရှိသည့်ဧရိယာ အတွင်း မိမိစိတ်တိုင်းကျဒီဇိုင်းပုံစံဖြင့် အဆောက်အဦးဆောက်လုပ်ခွင့်ရှိပါသည်။

မီးမလောင်ဘဲ ကျန်ရှိသည့် ဈေးအပိုင်း(၂)ဆောက်လုပ်ရန်အတွက် ဈေးသူ/သားများ မြို့နယ်စည်ပင်သာယာရေးကော်မတီနှင့် အရဏ်ဦးဆောက်လုပ်ရေးကုမ္ပဏီတို့၏ သဘောတူညီချက်အရ အရဏ်ဦးဆောက်လုပ်ရေးကုမ္ပဏီနှင့် သဘောတူစာချုပ်ချုပ်ဆိုဆောက်လုပ်ခဲ့ပါသည်။

၂၀၁၆ ခုနှစ် ဖေဖော်ဝါရီလ(၂)ရက်နေ့တွင် စာချုပ်အပိုဒ်(၂၁)အကျိုးအမြတ်ခွဲဝေခံစားရန် နည်းလမ်းမှာ-

(က) **လုပ်ငန်းအပ်နှံသူ ရေနံချောင်းမြို့နယ်၊ စည်ပင်သာယာရေးကော်မတီသည်**

(၁) မြေညီထပ်ရှိအပြင်တန်းဆိုင်ခန်း (၉×၆)ပေခန်း(၂)ခန်း၊ (၉×၅)ပေခန်း (၄၀) ခန်း၊(၈×၆)ပေခန်း(၃၂)ခန်း ပေါင်း(၇၄)ခန်းနှင့် အတွင်းတန်းဆိုင်ခန်း(၈×၆) ပေခန်း (၂၈)ခန်း၊ (၆×၅)ပေခန်း(၁၈)ခန်း၊ (၆×၆' ၅")ခန်း (၉၈)ခန်း၊ ပေါင်း (၁၄၄)ခန်း၊ စုစုပေါင်း(၂၁၈)ခန်း၊

(၂) မြေညီထပ်တစ်ခုလုံးရှိ ဆိုင်ခန်းပေါင်း(၂၁၈)ခန်းကို မြို့မဈေးကြီး အစိတ်အပိုင်းအဖြစ်သတ်မှတ်ပြီး စီမံခန့်ခွဲခွင့်ရရှိမည်ဖြစ်ပါသည်။

(ခ) **လုပ်ငန်းလက်ခံသူ အရှေ့ဇုန်ဦးဆောက်လုပ်ရေးကုမ္ပဏီလီမိတက်သည်**

(၁) အဆောက်အဦး၏ ပထမထပ်နှင့် ဒုတိယထပ်(၂)ထပ် (၁၄၆'×၁၀၂'+၂ထပ်)ရှိ အကျယ်အဝန်းနေရာကို လုပ်ငန်းလက်ခံသူ အရှေ့ဇုန်ဦးဆောက်လုပ်ရေးကုမ္ပဏီလီမိတက်၏အပြီးအပိုင် သီးခြားပိုင်ဆိုင်ပြီး စီမံခန့်ခွဲခွင့်ရှိသည့် ဧရိယာဖြစ်ကြောင်း ဤစာချုပ်အရခွဲခြားသတ်မှတ်၍ အပြီးအပိုင်ပိုင်ဆိုင်ခွင့် အခွင့်အရေး (Vested Right) အရ ပိုင်ဆိုင်မှုကို အသိအမှတ်ပြုကြပါသည်။

(၂) အထက်အပိုဒ်(ခ)(၁)ပါ လုပ်ငန်းလက်ခံသူ စီမံခန့်ခွဲပိုင်ဆိုင်ခွင့်ရှိသည့် ပထမထပ်နှင့် ဒုတိယထပ်ရှိဧရိယာအတွင်း မိမိ၏စိတ်တိုင်းကျဒီဇိုင်းပုံစံဖြင့် အဆောက်အဦး ဆောက်လုပ်ခွင့်ရှိပါသည်။

သို့ပါ၍ တင်ဒါခေါ်ယူစဉ်ကြော်ငြာစာ (၁၇.၁၀.၂၀၁၅)နှင့် (၂.၂.၂၀၁၆)နေ့တွင် ချုပ်ဆိုသောနှစ်ဦးသဘောတူစာချုပ်များအရ ဈေးကြီးအလယ်ထပ်(ပထမထပ်)တွင် မြို့နယ်စည်ပင်သာယာရေးကော်မတီသည် လူ(၅၀၀)ဆံ့ခန်းမနှင့် အောက်ထပ်ရှိ ဈေးဆိုင်ခန်းများသာ စီမံခန့်ခွဲပိုင်ခွင့်ရှိပြီး ဈေးကြီး၏ ကျန်ရှိသည့် ပထမထပ်နှင့် ဒုတိယထပ်နေရာများသည် အရှေ့ဇုန်ဦးဆောက်လုပ်ရေးကုမ္ပဏီလီမိတက်၏အကျိုးခံစားခွင့်များသာ ဖြစ်ပါကြောင်း ဖြေကြားအပ်ပါသည်။

**ဦးဝင်းမြင့်လှိုင်(တောင်တွင်းကြီးမဲဆန္ဒနယ်အမှတ်-၂)။** ။ လေးစားအပ်ပါသောလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာကြပါစေကြောင်း ဦးစွာပထမ ဂါရဝပြုနှုတ်ခွန်းဆက်သအပ်ပါတယ်….

ကျွန်တော်ကတော့ မကွေးတိုင်းဒေသကြီး၊ တောင်တွင်းကြီးမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)မှ လွှတ်တော်ကိုယ်စားလှယ် ဦးဝင်းမြင့်လှိုင်ဖြစ်ပါတယ်…

ယနေ့ကျင်းပပြုလုပ်တဲ့ တိုင်းဒေသကြီးလွှတ်တော်အစည်းအဝေးမှာ ကျွန်တော်တင်ပြလိုတဲ့ မေးခွန်းကတော့ လူမှုဝန်ထမ်းဦးစီးဌာန အသိအမှတ်ပြု လူငယ်ဖွံ့ဖြိုးရေးပရဟိတဂေဟာများအား လူမှုဝန်ထမ်းဦးစီးဌာနမှ ယခင်ထောက်ပံ့ပေးနေသည့် ထောက်ပံ့ငွေများအစား ထပ်မံတိုးမြှင့်ထောက်ပံ့ပေးနိုင်ရန် စီစဉ်ဆောင်ရွက်ပေးနိုင်ရေး ကူညီဆောင်ရွက်ပေးရန် အစီအစဉ်ရှိ/မရှိ ဒေသခံ

ပြည်သူများကိုယ်စား လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းပေးပါရန် လေးစားစွာတင်ပြအပ်ပါတယ် ခင်ဗျာ....

မကွေးတိုင်းဒေသကြီး၊ တောင်တွင်းကြီးမြို့နယ်တွင် လူမှုဝန်ထမ်းဦးစီးဌာနအသိအမှတ်ပြု လူငယ်ဖွံ့ဖြိုးရေးပရဟိတဂေဟာ (၃)ခုရှိပြီး လူမှုဝန်ထမ်းဦးစီးဌာနမှ စားဝတ်နေရေး၊ ပညာရေး၊ ကျန်းမာရေး အသုံးပြုနိုင်ရန် ပရဟိတဂေဟာတစ်ခုချင်းစီအလိုက် နှစ်စဉ် ထောက်ပံ့ငွေများပေးအပ်လျက်ရှိပါသည်။

သို့သော် တောင်တွင်းကြီးမြို့နယ်ရှိ ငါးဆင့်လူငယ်ဖွံ့ဖြိုးရေးပရဟိတဂေဟာတွင် ကျောင်းသား (၁၀၇)ဦး၊ ချောက်ကြားလူငယ်ဖွံ့ဖြိုးရေးပရဟိတဂေဟာတွင် ကျောင်းသား(၇၂)ဦး၊ နေရှင်နယ်လူငယ် ဖွံ့ဖြိုးရေးပရဟိတဂေဟာတွင် ကျောင်းသား(၅၈)ဦးရှိပြီး နှစ်စဉ်ထောက်ပံ့ငွေမှာ ကျောင်းတစ်ကျောင်းလျှင် ဆန်ဘိုးငွေကျပ်(၁၈)သိန်း၊ စားစရိတ်ငွေကျပ်(၁၈)သိန်း၊ ဝတ်စုံစရိတ် (၇၈၀၀၀၀)ကျပ် ထောက်ပံ့ပေးအပ်ကြောင်းသိရှိရပြီး စားစရိတ်သည် ကျောင်းသားတစ်ဦးလျှင် တစ်နေ့ပျမ်းမျှ (၉၀)ကျပ်ခန့်သာ ရရှိပါကြောင်း၊ သို့ဖြစ်ပါ၍ အဆိုပါလူငယ်များတွင် သင့်တင့်မျှတသော အစားအစာရိက္ခာများရရှိခြင်း မရှိသည်ကို စိစစ်တွေ့ရှိရပါသောကြောင့် လူမှုဝန်ထမ်းဦးစီးဌာန အသိအမှတ်ပြု လူငယ်ဖွံ့ဖြိုးရေး ပရဟိတဂေဟာများအား လူမှုဝန်ထမ်းဦးစီးဌာနမှ ယခင်ထောက်ပံ့ပေးနေသည့် ထောက်ပံ့ငွေများအစား ထပ်မံတိုးမြှင့်ထောက်ပံ့ပေးနိုင်ရန် စီစဉ်ဆောင်ရွက်ပေးနိုင်ရေး ကူညီဆောင်ရွက်ပေးရန်အစီအစဉ်ရှိ/မရှိ မိမိဒေသရှိပရဟိတလူဖွံ့ဖြိုးရေးပရဟိတဂေဟာများကိုယ်စား လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းရခြင်းဖြစ်ပါတယ်ခင်ဗျာ....

**ဦးမြင့်ဇော်(ဝန်ကြီး၊ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးဝန်ကြီးဌာန)။ ။**
လူမှုဝန်ထမ်းဦးစီးဌာန အသိအမှတ်ပြု စေတနာ့ဝန်ထမ်းအဖွဲ့အစည်းများသို့ ထောက်ပံ့ကြေးများကို နှစ်စဉ် တစ်လုံးတစ်ခဲတည်း ထောက်ပံ့ပေးလျက်ရှိပါသည်။ လူမှုဝန်ထမ်းဦးစီးဌာနအသိအမှတ်ပြု လူငယ်ဖွံ့ဖြိုးရေးပရဟိတဂေဟာများကို အောက်ပါအတိုင်းအဆင့်(၃)ဆင့်ခွဲကာ ထောက်ပံ့ပေးလျက်ရှိပါသည်-

(က) ပထမအဆင့် - ဆန်ဖိုးထောက်ပံ့ခြင်း

(ခ) ဒုတိယအဆင့် - ဆန်ဖိုး၊ စားစရိတ်၊ ဝတ်စရိတ်

(ဂ) တတိယအဆင့် - ဆန်ဖိုး၊ စားစရိတ်၊ ဝတ်စရိတ်၊ ဂေဟာမှူးလစာ

မကွေးတိုင်းဒေသကြီး၊ မကွေးခရိုင်၊ တောင်တွင်းကြီးမြို့နယ်အတွင်းရှိ လူငယ်ဖွံ့ဖြိုးရေးပရဟိတဂေဟာများအတွက် လူမှုဝန်ထမ်းဦးစီးဌာနမှ ၂၀၁၆-၁၇ ဘဏ္ဍာရေးနှစ်တွင် အောက်ပါအတိုင်း ထောက်ပံ့ပေးခဲ့ပါသည်-

ငါးဆင့်လူငယ်ဖွံ့ဖြိုးရေးပရဟိတဂေဟာ

| | | |
|---|---|---|
| (က) | ဆန်ဖိုးထောက်ပံ့ငွေ | ၂၇၀၀၀၀ဝိ/- |
| (ခ) | စားစရိတ်ထောက်ပံ့ငွေ | ၂၇၀၀၀၀ဝိ/- |
| (ဂ) | ဝတ်စရိတ် | ၁၁၇၀၀၀ဝိ/- |
| (ဃ) | ဂေဟာမှူး | ၃၆၀၀၀ဝိ/- |
| | **စုစုပေါင်းထောက်ပံ့ငွေ** | **၆၉၃၀၀၀ဝိ/-** |

နေရှင်နယ်ပရဟိတဂေဟာ

| | | |
|---|---|---|
| (က) | ဆန်ဖိုးထောက်ပံ့ငွေ | ၁၈၀၀၀၀ဝိ/- |
| (ခ) | စားစရိတ် | ၁၈၀၀၀၀ဝိ/- |
| (ဂ) | ဝတ်စရိတ် | ၇၈၀၀၀ဝိ/- |
| (ဃ) | ဂေဟာမှူး | ၃၆၀၀၀ဝိ/- |
| | **စုစုပေါင်းထောက်ပံ့ငွေ** | **၄၇၄၀၀၀ဝိ/-** |

ချောက်ကြားလူငယ်ဖွံ့ဖြိုးရေး

| | | |
|---|---|---|
| (က) | ပရဟိတဂေဟာဆန်ဖိုးထောက်ပံ့ငွေ | ၁၈၀၀၀၀ဝိ/- |
| (ခ) | စားစရိတ် | ၁၈၀၀၀၀ဝိ/- |
| (ဂ) | ဝတ်စရိတ် | ၇၈၀၀၀ဝိ/- |
| (ဃ) | ဂေဟာမှူး | ၃၆၀၀၀ဝိ/- |
| | **စုစုပေါင်းထောက်ပံ့ငွေ** | **၄၇၄၀၀၀ဝိ/-** |

ဤသို့ နှစ်စဉ်ဆန်ဖိုး၊ စားစရိတ်၊ ဝတ်စရိတ်၊ ဂေဟာမှူးလစာများကို လူမှုဝန်ထမ်းဦးစီးဌာနမှ ထောက်ပံ့ခြင်းသည် ဂေဟာ၏ကုန်ကျစရိတ်အား လောက်ငအောင် ထောက်ပံ့နိုင်ခြင်း မဟုတ်ဘဲအထောက်အကူဖြစ်စေရန် တစ်စိတ်တစ်ပိုင်းသာထောက်ပံ့ ဆောင်ရွက်ခြင်းဖြစ်ပါကြောင်း၊ ထောက်ပံ့ဆောင်ရွက်မှုများဆောင်ရွက်ရာတွင်လည်း နိုင်ငံတော်၏ဓနအင်အား အခြေအနေအပေါ် မူတည်၍ အဆင့်ဆင့်တိုးမြှင့်ထောက်ပံ့ပေးခြင်းဖြစ်ပါသည်။

လူမှုဝန်ထမ်းဦးစီးဌာနသည် ၂၀၀၉ ခုနှစ်မှစ၍ ထောက်ပံ့ကြေးများကို အောက်ပါအတိုင်း တိုးမြှင့်ထောက်ပံ့မှုများ ဆောင်ရွက်ခဲ့ပါသည်-

၂၀၀၉မှ ၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ်အထိ တစ်ဦးအတွက်တစ်လလျှင်

| | | |
|---|---|---|
| (က) | ဆန်ဖိုးထောက်ပံ့ငွေ | ၄၉၃၀/- |
| (ခ) | စားစရိတ် | ၇၂၀/- |
| (ဂ) | ဝတ်စရိတ် | ၇၅/- |
| (ဃ) | ဂေဟာမှူးလစာ | ၅၀၀၀/- |

၂၀၁၂မှ ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ်အထိ တစ်ဦးအတွက်တစ်လလျှင်

| | | |
|---|---|---|
| (က) | ဆန်ဖိုးထောက်ပံ့ငွေ | ၁၁၂၅၀/- |
| (ခ) | စားစရိတ် | ၁၈၂၅၀/- |
| (ဂ) | ဝတ်စရိတ် | ၅၀၀၀/- |
| (ဃ) | ဂေဟာမှုးလစာ | ၁၅၀၀၀/- |

၂၀၁၃မှ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်အထိ တစ်ဦးအတွက်တစ်လလျှင်

| | | |
|---|---|---|
| (က) | ဆန်ဖိုးထောက်ပံ့ငွေ | ၃၀၀၀၀/- |
| (ခ) | စားစရိတ် | ၃၀၀၀၀/- |
| (ဂ) | ဝတ်စရိတ် | ၁၃၀၀၀/- |
| (ဃ) | ဂေဟာမှုးလစာ | ၃၀၀၀၀/- |

သို့ဖြစ်ပါ၍ လူမှုဝန်ထမ်းဦးစီးဌာနအသိအမှတ်ပြု လူငယ်ဖွံ့ဖြိုးရေးပရဟိတဂေဟာများအား လူမှုဝန်ထမ်းဦးစီးဌာနမှ ထောက်ပံ့မှုများ ပုံသေသတ်မှတ်ဆောင်ရွက်နေခြင်းမဟုတ်ဘဲ နိုင်ငံတော်၏မန အင်အားအခြေအနေအရ တိုးမြှင့်ထောက်ပံ့လျက်ရှိပါသည်။ လက်ရှိအခြေအနေအရ တိုင်းဒေသကြီးရုံးအနေဖြင့်လည်းကောင်း၊ လူမှုဝန်ထမ်းဦးစီးဌာန(ရုံးချုပ်)အနေဖြင့်လည်းကောင်း လူငယ်ဖွံ့ဖြိုးရေး ပရဟိတဂေဟာများသို့ ထောက်ပံ့မှုများတိုးမြှင့်ပေးရန် အစီအစဉ်မရှိသေးပါကြောင်း ဖြေကြားအပ်ပါသည်။

**ဦးကျော်လွင်(ဆင်ပေါင်ဝဲမဲဆန္ဒနယ်အမှတ်-၂)။** ။ လေးစားအပ်ပါသောလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ တပ်မတော်ကိုယ်စားလှယ်များခင်ဗျာ ကျွန်တောကတော့ ဆင်ပေါင်ဝဲမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)မှ ဦးကျော်လွင် ဖြစ်ပါသည်။ ကျွန်တော် မေးမြန်းလိုတာကတော့ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်အတွင်း တိုင်းဒေသကြီးအစိုးရအဖွဲ့ခွင့်ပြုရန်ပုံငွေအဖြစ် ဆင်ပေါင်ဝဲမြို့နယ်အတွင်း ဒေသန္တရဆည်များကို ဆောက်လုပ်ခဲ့ပါသည်။ ၎င်းဆည်များကတော့ (၁) ကုန်းဘိုဆည် (၂) ဖိမ့်ရေလွှဲဆည် (၃) စမ်းအိုင်(ဖလန်ဖြူ)ဆည် (၄) အင်ပင်လှ (ချွန်းညိုဆည်) (၅) ချောင်းကောက် ပင်းနားဆည် စသည်များကို ဆောက်လုပ်ခဲ့ပါသည်။ အဆိုပါဆည်များအတွက် ငွေကျပ်ပေါင်းများစွာ ကုန်ကျခံဆောက်လုပ်ခဲ့ပေမယ့် ဒေသခံများစိုက်ပျိုးရေး၊ ရေလုံလောက်စွာရရှိရေးအတွက် အကျိုးပြုမှုနည်းပါးခဲ့တာကို လေ့လာတွေ့ရှိရပါသည်။ အချို့ဆည်များဟာ ကြံ့ခိုင်မှုအားနည်း၍ အချိန်မတိုင်မီ ပျက်ဆီးခြင်း၊ ရေပေးတူးမြောင်းများပျက်ဆီးခြင်း၊ စီမံကိန်းလုပ်ဆောင်ချက်အလွဲများကြောင့် ဆည်ထဲကရေ လယ်ထဲမဝင်ဘဲ လယ်ထဲကရေ ဆည်ထဲဝင်တယ်လို့ ဆည်အချို့ ရွာသူရွာသားတွေက ပြောကြားတဲ့အထိပါပဲ ဒေသခံတွေ စိုက်ပျိုးရေလုံလောက်အောင် ရရှိရေးအတွက် ရည်ရွယ်လုပ်ဆောင်ခဲ့ပါကြောင်း၊ ရည်ရွယ်ချက်ကတော့

ကောင်းပေမဲ့ ဇီးသီးဗန်းမှောက်သလိုဖြစ်ခဲ့တာကြောင့် အကျိုးပြုမှု အပိုင်းနည်းပါးခဲ့တာကို လေ့လာတွေ့ရှိခဲ့ပါတယ်။ စိုက်ပျိုးရေးရရှိရေးအတွက် အကျိုးပြုဧကတွေကို ကြည့်မယ်ဆိုရင်လည်း (၁)ကုန်းဘိုဆည်(၂၅၀)ဧက (၂)ဇိမ့်ဆည်(၂၀၀)ဧက (၃) စမ်းအိုင်(ဖလန်ဖြူ) ဆည်(၁၀၀)ဧက (၄)အင်ပင်လှချွန်ညိုဆည်(၂၅၀)ဧက (၅)ချောင်းကောက်ပင်းနားဆည်(၁၅၀)ဧက အသီးသီးရှိနေတာကြောင့် အဆိုပါဆည်များအား ပြုပြင်မွမ်းမံမှုများ လုပ်ဆောင်ပေးမည်ဆိုပါက ဒေသခံများအတွက် များစွာအကျိုးရှိမှာဖြစ်ပါတယ်။ သို့ဖြစ်ပါ၍ ဒေသခံစိုက်ပျိုးရေးအတွက် အဆိုပါ ဆည်များအား ကွင်းဆင်းစစ်ဆေးပြီးကြည့်ရှုကာ လိုအပ်သော ပြုပြင်ထိန်းသိမ်းမွမ်းမံမှုများနှင့် ရေပေးမြောင်းများအား အမြန်ဆုံးပြုပြင်ပေးရန် အစီအစဉ်ရှိ/မရှိနှင့် အစီအစဉ်ရှိပါက မည်သည့်အချိန် တွင် လုပ်ဆောင်ပေးမည်ကို သိရှိလို၍ မေးမြန်းရခြင်းဖြစ်ပါတယ်ခင်ဗျာ။

**ဦးစိုးမြင့်(ဝန်ကြီး၊ စိုက်ပျိုးမွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန)။** ။ ကုန်းဘိုဆည်၊ ဇိမ့်ရေလွှဲဆည်၊ စမ်းအိုင်(ဖလန်ဖြူ)ဆည်၊ အင်ပင်လှ(ချွန်းညို)ဆည်၊ ချောင်းကောက်ဆည်များ မှာ ဆင်ပေါင်ဝဲမြို့နယ်တွင် တည်ရှိပါသည်။ အဆိုပါဆည်များမှာ ၂၀၁၄-၁၅ ဘဏ္ဍာရေးနှစ်အတွင်း ယခင်အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးအေးနိုင်မှ တောင်းဆိုချက်အရ တိုင်းဒေသကြီး ရန်ပုံငွေဖြင့် ပြုပြင်တည်ဆောက်ခဲ့သော လုပ်ငန်းများဖြစ်ပါသည်။

ကုန်းဘိုရေလှောင်တမံ၏ အောက်ခံမြေမှာ ရေစိမ့်အားကောင်းပြီး ဝင်ရေများကို ရေလှောင်ကန်အတွင်း ကြာရှည်စွာသိုလှောင်မထားနိုင်ခြင်းတို့ကြောင့် စိုက်ပျိုးရေးကို ဧကပြည့်မီအောင် မပေးဝေနိုင်ခြင်းဖြစ်ပါသည်။ သို့ပါ၍ ရေလှောင်ကန်အတွင်း ဝင်ရောက်လာသောရေကို ကြည်ရှည်စွာသိုလှောင်ရန် မလိုအပ်ဘဲ တိုက်ရိုက်စိုက်ပျိုးရေပေးဝေနိုင်ရန် အကူရေထုတ်ပြွန်တစ်ခု ပြုလုပ်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။ အဆိုပါလုပ်ငန်းကို ၂၀၁၆-၁၇ဘဏ္ဍာရေးနှစ် တိုင်းဒေသကြီး ရန်ပုံငွေတွင်တင်ပြထားပြီး ရန်ပုံငွေရရှိပါက ၂၀၁၆ ခုနှစ် ပွင့်လင်းရာသီတွင် ဆောင်ရွက်သွားမည် ဖြစ်ပါသည်။

ဇိမ့်ရေလွှဲဆည်၏ အထက်ပိုင်း ရေဆင်းဧရိယာတွင် ယာမြေစိုက်ပျိုးသောဧရိယာများဖြစ်နေပါသဖြင့် ချောင်းထဲမှတစ်ဆင့် ရေလွှဲဆည်နှင့် ရေပေးတူးမြောင်းအဆောက်အအုံတို့၏ အထက်ဘက်တွင် သဲနုန်းများပို့ချမှုများကြောင့် ရေအာဏာပြည့်ပေးဝေနိုင်ရန်ခက်ခဲခြင်းဖြစ်ပါသည်။ ရေပေးတူးမြောင်းမှာ သဲဆန်သောမြေဖြစ်ခြင်းကြောင့် ဘေးနံရံမြေကြီးပြိုခြင်း၊ သဲနုန်းပို့ချခြင်းများကြောင့် တူးမြောင်းအား ပြုပြင်ပေးရန်လိုအပ်လျက်ရှိပါသည်။ အဆိုပါရေလွှဲဆည်သည် ဒေသခံဆည်ကော်မတီတောင်သူများမှ ထိန်းသိမ်းထားသောဆည်ဖြစ်ပြီး ကျေးရွာနှင့် (၃)မိုင်ခန့်ဝေးသဖြင့် မိုးများပြီးရေကြီးသည့်အခါတွင် ဆည်၏ကြံ့ခိုင်မှုအခြေအနေကိုလည်းကောင်း၊ ရေပေးအဆောက်အအုံ သဲထုတ်ရေတံခါးကို အဖွင့်အပိတ်လုပ်ရန် အချိန်နှင့်တပြေးညီ ဆည်ကော်မတီတောင်သူများမှ

တာဝန်ယူဆောင်ရွက်ရန် လိုအပ်ပါသည်။ ရေလွှဲဆည်ပြုပြင်ခြင်းလုပ်ငန်းများကို ၂၀၁၆-၁၇ ဘဏ္ဍာရေးနှစ် တိုင်းဒေသကြီးရန်ပုံငွေ တင်ပြထားပြီး ၂၀၁၆-၁၇ ခုနှစ် ပွင့်လင်းရာသီတွင် ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

စမ်းအိုင်(ဖလန်ဖြူ)ဆည်သည် ၂၀၁၆ ခုနှစ် ဇူလိုင်လတွင် မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ဆည်၏အောက်ဘက် ကျောက်စီအခင်း ရေတိုက်စားခံရပြီး ရေပေးတူးမြောင်းသည် သဲဆန်သောမြေ ဖြစ်သဖြင့် ဘေးနှစ်ဘက်မှ မြေပြိုကျမှုကြောင့် သဲနုံးများပို့ချလျက်ရှိပါသည်။ သို့ပါ၍ လျာထားဧက ပြည့်မီအောင် စိုက်ပျိုးရေပေးဝေနိုင်ရန်အတွက် တူးမြောင်းအား ပုံစံကျပြန်လည်တူးဖော်ခြင်း၊ ရေတိုက်စားခံရသောနေရာအား ပြန်လည်ပြုပြင်ခြင်း လုပ်ငန်းများဆောင်ရွက်ရန် လိုအပ်ပါသည်။ အဆိုပါ လုပ်ငန်းအား ဆောင်ရွက်နိုင်ရန် ၂၀၁၆-၁၇ ဘဏ္ဍာရေးနှစ် တိုင်းဒေသကြီးရန်ပုံငွေတွင် တင်ပြထားပြီး ၂၀၁၆ ခုနှစ် ပွင့်လင်းရာသီတွင် ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

အင်ပင်လှ(ချွန်းညို)ဆည်သည် ၂၀၁၄-၁၅ ခုနှစ်တွင် တည်ဆောက်စဉ်က ရေလှောင်တမံ ရေပေးအဆောက်အအုံနှင့် ရေပိုလွှဲအဆောက်အအုံများပြီးစီးအောင် ဆောင်ရွက်နိုင်ခဲ့သော်လည်း ဒေသခံတောင်သူအချို့၏ကန့်ကွက်မှုကြောင့် ရေပေးတူးမြောင်းနှင့် ရေပိုလွှဲအထွက်မြောင်းအား ပြီးစီး အောင်မဆောင်ရွက်နိုင်ခဲ့ပါ။ ရေလှောင်ကန်ရေဝပ်ဧရိယာအတွင်းရှိ တောင်သူအချို့၏ မြေယာ ပိုင်ဆိုင်မှု လျော်ကြေးငွေအငြင်းပွားမှုပြဿနာရှိခဲ့၍ စိုက်ပျိုးရေရယူသုံးစွဲရာတွင်းလည်း ကျေးရွာ ဆည်ကော်မတီနှင့် တောင်သူများ ညှိနှိုင်းဆောင်ရွက်ခြင်းဖြစ်ပါသည်။

ချောင်းကောက်(ဖန်ခါးပင်)ရေလွှဲဆည်၏ ရေပေးတူးမြောင်းမှာ (၁.၆.၂၀၁၆)ရက်နေ့ မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ရေပေးမြောင်း၏အထက်ဘက်(ဝဲဘက်)တွင်ရှိသော ကိုယ့်အား ကိုယ်ကိုး ရေလှောင်ကန် ရေကြီးတိုက်စားမှုကြောင့် ရေပေးမြောင်းတစ်လျှောက် ပေ(၁၅၀)ခန့်ရေ တိုက်စားမှု ဖြစ်ပေါ်ခဲ့ခြင်းဖြစ်ပါသည်။ အဆိုပါလုပ်ငန်းကို ပြုပြင်ဆောင်ရွက်နိုင်ရန် ၂၀၁၆-၁၇ ဘဏ္ဍာရေးနှစ် တိုင်းဒေသကြီးရန်ပုံငွေတွင် တင်ပြထားပြီး ၂၀၁၆ ခုနှစ်ပွင့်လင်းရာသီတွင် ဆောင်ရွက်သွားမည်ဖြစ်ပါ ကြောင်းဖြေကြားအပ်ပါသည်။

**ဦးကျော်လွင်(ဆင်ပေါင်ဝဲမဲဆန္ဒနယ်အမှတ်-၂)။** ။ လေးစားအပ်ပါသော လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ တပ်မတော်ကိုယ်စားလှယ်များခင်ဗျာ ကျွန်တော်ကတော့ ဆင်ပေါင်ဝဲမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)မှ ဦးကျော်လွင် ဖြစ်ပါသည်။ ကျွန်တော် မေးမြန်းလိုတာကတော့ ဆင်ပေါင်ဝဲမြို့နယ်အတွင်းရှိ (၁)ဘရုံကြိုးဝိုင်း၊ (၂)သာစည်ကြိုးဝိုင်း၊ (၃)ရှမ်းသောက်ကြိုးပြင်၊ (၄)တောပုန်းကြိုးပြင်ကာကွယ်တော ဆိုပြီးရှိခဲ့ပါတယ်။ ၎င်းကြိုးတော ဖြစ်တဲ့ ဘရုံကြိုးဝိုင်းဆိုလျှင် ရွာပေါင်း (၁၁)ရွာပါဝင်ပြီး ၎င်းကျေးရွာများမှာ (၁)ကန်ချောင်း၊ (၂)ပေလယ်၊ (၃)၎က်ပျောကျင်း၊ (၄)မွန်းစ၊ (၅)ငါးဇင်ရိုင်း၊ (၆)ကုန်းဘို၊ (၇)ကုန်းသာ၊ (၈)စမ်းအိုင်၊

(၉)ခနုံးမြောင်၊ (၁၀)ဇိမ့်၊ (၁၁)မုန်ကင်း စသည့်ရွာများဖြစ်ပါသည်။ ၎င်း(၁၁)ရွာမှ တောင်သူများမှာ ဘရုံကြိုးဝိုင်း ဧရိယာဧက(၃၅၀၀၀)ခန့်ရှိပြီး ယာမြေ၊ သာသနာ့မြေ၊ သုသာန်မြေ၊ လယ်မြေ (၄၉၀၀) ဧကခန့်ဆိုပြီး ကြိုးဝိုင်းမှပယ်ဖျက်၍ ဧရိယာဧက (၃၁၀၀၀)ကြိုးဝိုင်းမှပယ်ဖျက်၍ ဧရိယာဧက (၃၁၀၀၀)ခန့် ကျန်ရှိနေတာကို တွေ့ရှိရပါတယ်။ ၎င်းကျန်ရှိသော ဧရိယာဧကထဲမှ လယ်ဧက၊ ယာဧကပုံစံ(၇)ရရှိရေး သာစည်ကြိုးပြင် ကာကွယ်တောကို ၁၉၉၆ ခုနှစ်တွင် လျာထားခဲ့ပြီး ၁၉၉၇ ခုနှစ်တွင် ကြိုးပြင် ကာကွယ်တောအဖြစ် သတ်မှတ်ခဲ့ပါသည်။ ၎င်းသာစည်ကြိုးပြင်ကာကွယ်တောတွင်ပါဝင်သော ရွာများမှာ (၁)တောညောင်ပင်သာ၊ (၂)အင်ပင်လှ၊ (၃)ကြေးခိုင်မ၊ (၄)ပိတောက်စမ်း၊ (၅)စစ္စေးချောင်း၊ (၆)မင်းကန်၊ (၇)ဖိုစွတ်၊ (၈)ဖိုလေးလုံး စသည့်ရွာများဖြစ်ပြီး ၎င်းသာစည်ကြိုးပြင်(၈)ရွာရှိဧက ပေါင်းမှာ (၈၆၈၄၁.၇၅)ဧကဖြစ်ပြီး လယ်ဧကမှာ (၇၇၅.၁၃)ဧကများကိုလည်း ပုံစံ(၇)ရရှိရေး၊ ရှမ်းသောက်ကြိုးပြင်၊ တောပုန်းကြိုးပြင်တို့တွင်လည်း ချောင်းကောက်ကျေးရွာ၊ ကိုးပင်ကျေးရွာ၏တောင်သူများမှ ယာဧက (၁၅၁၈.၃၈)ဧကရှိပြီး လယ်ဧကမှာ(၃၅၅.၈၇)ဧကစသည့် ဧကများဖြစ်ပြီး အဆိုပါကျေးရွာမှ ဒေသခံတောင်သူတွေဟာ မိမိတို့ဘိုးဘွားပိုင် လယ်ယာမြေများအား မိရိုးဖလာစားမ ဦးချ လုပ်ကိုင်စားသောက်လာခဲ့ကြပေမဲ့ ကြိုးဝိုင်းကာကွယ်တောအဖြစ် သတ်မှတ်ခံရသော ၂၀၁၂ ခုနှစ် လယ်ယာမြေသိမ်းဥပဒေအရ ပုံစံ(၇) မရရှိခဲ့ကြပါ။ သို့ဖြစ်ပါ၍ တောင်သူတွေဟာ မိမိလယ်ယာမြေများကို မိမိမပိုင်ဆိုင်ခြင်း၊ ဘဏ်ချေးငွေမရခြင်း၊ အရောင်းအဝယ်အာမခံချက်မရှိခြင်း စတာတွေအပြင် စိတ်ပိုင်းဆိုင်ရာထိခိုက်မှုတွေလည်း ခံစားခဲ့ရပါတယ်။ သို့ဖြစ်ပါ၍ အဆိုပါကျေးရွာများမှ လယ်မြေဧကများ၊ ယာမြေဧကများ သစ်တောမြေအဖြစ်မှပယ်ဖျက်ကာ ပုံစံ(၇)ရရှိရေးဆောင်ရွက်ပေးရန် အစီအစဉ်ရှိ/မရှိ ဥက္ကဋ္ဌကြီးမှ တစ်ဆင့် လေးစားစွာမေးမြန်းပေးစေလိုပါသည်ခင်ဗျာ။

အားလုံးကိုကျေးဇူးတင်ပါတယ်ခင်ဗျာ။

**ဒေါက်တာခင်မောင်အေး(ဝန်ကြီး၊ သယံဇာတ၊ သဘာဝပတ်ဝန်းကျင်၊ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန)။** ။ ရှေးယခင်က တည်ရှိခဲ့သည့် သစ်တောသစ်ပင်များအား အကန့်အသတ်မရှိ ခုတ်ထွင်ရှင်းလင်းခဲ့ပြီး စိုက်ပျိုးမြေအဖြစ် ဘိုးစဉ်ဘောင်ဆက် ယာမြေဖော်ထုတ်၍ မိရိုးဖလာစားမဦးချ လုပ်ကိုင်စားသောက်လာကြသည်မှာ ယနေ့တိုင်ဖြစ်ပါသည်။

တစ်စထက်တစ်စ တိုးပွားလာသောလူဦးရေအတွက် စိုက်ပျိုးမြေတိုးချဲ့ခြင်း၊ ချက်ပြုတ်စားသောက်ရေးအတွက် ထင်း၊ လောင်စာထုတ်ယူသုံးစွဲခြင်း၊ နေအိမ်သစ်ဆောက်လုပ်ခြင်း စသည့် အမျိုးမျိုးသောလိုအပ်ချက်များအတွက် အနီးဝန်းကျင်ရှိ သစ်တောသစ်ပင်များက ခုတ်လှဲခံပြီး ဒေသခံများ၏ လိုအပ်ချက်များကို အဖြည့်ခံပြုပေးခဲ့ပါသည်။

သစ်တောသစ်ပင်များကို အလွန်အကျွံခုတ်ထွင်ခဲ့ခြင်းကြောင့် သဘာဝပတ်ဝန်းကျင် ယိုယွင်းလာပြီး **‘ ဥတုရာသီတောကိုမှီ၏ ’** ဆိုရိုးကဲ့သို့ မှီစရာတောကုန်လာသောကြောင့် ရာသီဥတုပြောင်းလဲဖောက်ပြန်ခြင်းများ ဖြစ်ပေါ်လာသလို သဘာဝဘေးအန္တရာယ်များ ကျရောက်ခံစားလာကြရသည်ကို သတိပြုသိမြင်စေလိုပါသည်။

ထို့အတူ **‘ တောမဲ့မြေသားရေတိုက်စား၏ ’** ဆိုရိုးကဲ့သို့ လက်ရှိရေတိုက်စားနေသောလယ်ယာမြေများမှ မြေဆီမြေနှစ်များသည်လည်း မိုးရွာသွန်းချိန်တွင် မိုးရေနှင့်အတူ တိုက်စားစီးမျောခဲ့သဖြင့် **‘ တောတောင်ခြောက်ခမ်းလယ်ယာနွမ်း၏ ’** ဆိုသည့်အတိုင်း လယ်ယာမြေများမြေဆီဓာတ်ဆုတ်ယုတ် သီးနှံများအထွက်နှုန်းကျသကဲ့သို့ ချောင်း၊ မြောင်း၊ မြစ်များအတွင်းသို့မြေဆီများစီးဆင်း အနည်ကျသွားခဲ့၍ မြစ်၊ ချောင်းများ တိမ်ကောလျက် ရေကြီးရေလျှံဖြစ်စဉ်များတွေ့ကြုံခံစားရလျက်ရှိပါ သည်။

သစ်ပင်များရှိခြင်းအားဖြင့် အရိပ်အာဝါသကြောင့် အအေးဓာတ်ရ၍ လေကောင်းလေသန့်ကိုထုတ်လွှတ်ပေးပါသည်။ မြေအစိုဓာတ်ကို ထိန်းပေးသကဲ့သို့ သစ်ရွက်ကြွေကိုင်းခြောက်များကိုမြေဆွေးမြေဩဇာဖြစ်ထွန်းစေပါသည်။ သက်ရှိတို့၏အသက်ဆက်ရှင်နေထိုင်ရာ သစ်ပင်များကအကျိုးပြုပေးနေပါသည်။ ထမင်းအသက်(၇)ရက်အတွက် ချက်ပြုတ်စားရသည်ဖြစ်ရာ ထင်းမပါကထမင်းဖြစ်ရန် မလွယ်ပါ။ ရေအသက်တစ်မနက်ဆိုရာတွင်လည်း သစ်ပင်သစ်တောကောင်းများရှိပါမှသာ သဘာဝစိမ့်စမ်းရေများထွက်ပေါ်သကဲ့သို့ မိုးတိမ်တောင်များသည်လည်း သစ်တောများ၏ အအေးဓာတ်ရှိမှသာ မိုးရေများရွာသွန်းပေးလေ့ရှိပါသည်။ လေအသက် တစ်ပင့်သက်ဖြစ်လေရာလူသားတို့အသက်ဆက်၍ ရှူရှိုက်ရသည့် အောက်ဆီဂျင်သည်လည်း သစ်ပင်များက အစာချက်ပြီးထုတ်လွှတ်ပေးသည်ဖြစ်သောကြောင့် လူသားများ၏အသက်သခင် သစ်ပင်များပင်ဖြစ်ကြောင်းတင်ပြလိုပါသည်။

သို့ပါသောကြောင့် အဖက်ဖက်မှ လူသားတို့အား အကျိုးပြုပေးနေသည့် သစ်ပင်များကိုလျော့နည်းသွားအောင် ဆက်မလုပ်သင့်ပါကြောင်း တင်ပြအပ်ပါသည်။ မကွေးတိုင်းဒေသကြီးသည်မိုးနည်းရပ်ဝန်းအပူပိုင်းဒေသအတွင်း ကျရောက်သဖြင့် သစ်ပင်များရှိဖို့ပိုမိုလိုအပ်ပါသည်။ စိုက်ပျိုးမြေ ချဲ့ထွင်ခြင်းသာ ဆက်လက်ဆောင်ရွက်မည်ဆိုပါက ဖော်ပြပါကဲ့သို့ မြေဆီလွှာများ တဖြည်းဖြည်းဆုတ်ယုတ်ပြီး စိုက်ပျိုး၍ သီးနှံမဖြစ်ထွန်းသော မြေညံ့များသို့ ကူးပြောင်းပြီး သဲကန္တာရဖြစ်ထွန်းသည်အထိ ခံစားရနိုင်ပါသည်။

သို့ပါ၍ သစ်တောဦးစီးဌာနသည်အပူပိုင်းဒေသ၏ရာသီဥတုနှင့် ရေမြေသယံဇာတကိုထိန်းသိမ်းကာကွယ်နိုင်ရန်အလို့ငှာ ရည်ရွယ်လျက် သစ်ပင်ကြီး၊ ငယ်မဟူ ပျောက်ကွယ်မသွားစေရေးအတွက် မူလသစ်တောပေါက်ရောက်ခဲ့သည့် မြေများအား ကြိုးပြင်ကာကွယ်တောများအဖြစ်

ဖွဲ့စည်းပေးရခြင်းဖြစ်ပါသည်။ နိုင်ငံတော်အတွင်း နိုင်ငံ့စီးပွားရေးနှင့် ဘက်စုံအကျိုးပြုစေသည့် သစ်တောကြိုးဝိုင်းများမှာ လူနေဧရိယာများနှင့် ဝေးကွာသည့် မြေမြင့်တောင်ပေါ်အရပ်များတွင် ဖွဲ့စည်းထားပြီး စည်းစနစ်ဖြင့် ခုတ်လှဲအသုံးချလျက်ရှိပါသည်။

ယခုကျေးရွာများဝန်းကျင်တွင် ဖွဲ့စည်းသည့် ကြိုးပြင်ကာကွယ်တောများမှာ ဒေသခံများ၏ ရေရှည်အကျိုးအတွက်သာ ဖွဲ့စည်းပေးခြင်းဖြစ်ပါကြောင်း တင်ပြအပ်ပါသည်။ ကြိုးပြင် ကာကွယ်တောမှာ နိုင်ငံတော်ဌာနကဏ္ဍမှ သစ်ထုတ်ယူသုံးစွဲရန် ဖွဲ့စည်းခြင်းမဟုတ်ပါကြောင်း ရှင်းလင်းလိုပါသည်။ သစ်တောပေါက်ရောက်သည့်မြေများအား မိရိုးဖလာခုတ်ထွင်ရှင်းလင်းခဲ့၍ လယ်ယာမြေများအဖြစ် အသုံးချခဲ့သည်မှာ နှစ်ကြာခဲ့သဖြင့် မြေဆီဆုတ်ယုတ်ခဲ့ပါသည်။ အဆိုပါမြေနေရာများသည် စိုက်ပျိုးမြေအတွက်အသုံးချရန် လိုအပ်သကဲ့သို့ ရေရှည်သားစဉ်မြေးဆက်တည်ရှိနေရန်အတွက်မှာ စိမ်းလန်းစိုပြည်မှုဖြင့် ထိန်းညှိထားရန်လည်းလိုအပ်ပါသည်။ သို့ဖြစ်ပါ၍ မိမိတို့ဒေသအတွက် ကြိုးပြင်ကာကွယ်တောများ ဖွဲ့စည်းပေးရာ၌ တောကျန်သစ်ပင်ရှိသည့် ဧရိယာများကိုအဓိကထိန်းသိမ်းရာတွင် ဆက်စပ်လျက်ရှိသည့်လယ်ယာမြေများကိုလည်း သီးနှံသစ်တောရောနှောစနစ်(Agro-Forestry)ဖြင့် ဆောင်ရွက်မှသာ မြေသယံဇာတကိုလည်း ထိန်းသိမ်းနိုင်မည်ဖြစ်သောကြောင့် လယ်ယာမြေများပါဝင်ဖွဲ့စည်းထားခြင်းဖြစ်ပါသည်။

သို့ပါ၍ ကာကွယ်တောအတွင်း ပါဝင်ဖွဲ့စည်းထားခြင်းဖြစ်သောကြောင့် အပြီးအပြတ်သိမ်းဆည်းထားခြင်းမဟုတ်သဖြင့် ယနေ့တိုင် ဓားမဦးချလုပ်ကိုင်လာသူများမှ စဉ်ဆက်မပြတ်စိုက်ပျိုးလုပ်ကိုင်နေရသည်ကို မြင်တွေ့ရမည်ဖြစ်ပါသည်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား ကြိုးပြင်ကာကွယ်တောများအား အထက်ဖော်ပြပါဒေသခံများအကျိုးကိုမျှော်မှန်းလျက် ပြည်ထောင်စုအစိုးရအဖွဲ့၏သဘောတူခွင့်ပြုချက်နှင့်အညီ အမိန့်ပြန်တမ်းများဖြင့် ဖွဲ့စည်းထားခဲ့သည့်ဧရိယာများဖြစ်ပါသည်။ ဖွဲ့စည်းစဉ်က ရေမြေဆက်စပ်သဖြင့် ပါဝင်ခဲ့သည့် လယ်ယာမြေများကိုလည်း ဆက်လက် စိုက်ပျိုးခွင့်ပြုပေးထားပြီး ထပ်မံတိုးချဲ့ခြင်းအား ခွင့်ပြုပေးထားခဲ့ခြင်းမရှိခဲ့ပါ။

တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များမှ မေးမြန်းလာခြင်းနှင့်ပတ်သက်၍ ကာကွယ်တောမြေအတွင်းကျရောက်သည့် လယ်ယာမြေများအတွက် ပုံစံ(၇)ရရှိနိုင်ခြင်းမရှိသဖြင့် အခွင့်အရေး များဆုံးရှုံးခြင်းမရှိပါ။ မိမိယာမြေအတွင်း သင့်တင့်မျှတသည့် သီးနှံသစ်တောရောနှောစနစ်ဖြင့် သစ်ပင်ဖြည့်စွက်စိုက်ပျိုးပါက အစုအဖွဲ့ပိုင်သစ်တောတည်ထောင်ခွင့်လက်မှတ်အား ဒေသခံပြည်သူများသာ ပါဝင်သည့် အသုံးပြုသူများအဖွဲ့မှ စုပေါင်းလက်ခံရရှိနိုင်ပြီး နှစ်(၃၀)စိုက်ပျိုးလုပ်ကိုင်ခွင့်ရရှိမည်ဖြစ်၍ စိုက်ပျိုးစရိတ်ချေးငွေကိုလည်း ထုတ်ယူခွင့်ရရှိသည့်အပြင် စိုက်ပျိုးသည့်သစ်ပင်နှင့်ပတ်သက်၍လည်း ခံစားခွင့်ရှိမည်ဖြစ်ပါသည်။

သို့ရာတွင် အစုအဖွဲ့ပိုင် သစ်တောတည်ထောင်ခွင့်လက်မှတ်သည် ဓားမဦးချဆောင်ရွက်ခဲ့သည့် သားစဉ်မြေးဆက်အတွက်သာ အမွေဆက်ခံလုပ်ပိုင်ခွင့်ရှိပြီး ပုံစံ(၇)ကဲ့သို့ ရောင်းချ၊ ပေါင်နှံခြင်းအတွက် ခွင့်ပြုပေးထားခြင်းမရှိပါ။ အဘယ့်ကြောင့်ဆိုသော် မူလရည်ရွယ်စဉ်ကပင် ဒေသခံများအကျိုးအတွက် ကာကွယ်တောရည်ရွယ်ဖွဲ့စည်းခြင်းဖြစ်သကဲ့သို့ သားစဉ်မြေးဆက်ဓားမဦးချ စိုက်ပျိုးဆောင်ရွက် အမွေဆက်ခံခွင့်သာ ပြုထားပေးသဖြင့် ငွေကြေးခနကြွယ်ဝသူများထံ လုံးဝမြေပိုင်ဆိုင်မှုမရောက်ရှိစေရေး ကာကွယ်သတ်မှတ်ပေးထားခြင်းဖြစ်ပါကြောင်း ဖြေကြားအပ်ပါသည်။

**ဦးသက်နိုင်(မြိုင်မြို့နယ်မဲဆန္ဒနယ်အမှတ်-၁)။** ။ မကွေးတိုင်းဒေသကြီး၊ မြိုင်မြို့နယ် လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်းရုံးတွင် ဝန်ထမ်းအင်အား လုံလောက်စွာမရှိယုံမျှမက အလွန်နည်းပါးနေသောကြောင့် လျှပ်စစ်ရုံးနှင့် မြို့လူထု ထိပ်တိုက်ပြဿနာများရှိလာနိုင်ပါသည်။ အထူးသဖြင့် လျှပ်စစ်ရုံးတွင် မီတာဖတ်သောစာရေးဝန်ထမ်း တစ်ဦးရှိရာ ၎င်းတစ်ဦးမှာလည်း စက်တင်ဘာလ(၂၀)ရက်က ကွယ်လွန်အနိစ္စရောက်ခဲ့၍ ယခုအခါ တစ်ဦးမျှမရှိတော့ပါ။ လုပ်အားပေး ဝန်ထမ်းများမှာလည်း လနှင့်ချီ၍ လုပ်အားပေးနေရကြောင်း သိရပါသည်။ မီတာအလုံးရေ (၈၀၀)တွင် မီတာစာရေး(၁)ဦးရှိရမည်ဟု သတ်မှတ်ထားသော်လည်း မြိုင်မြို့နယ်တွင် မီးတာအလုံးရေ(၆၄၀၀) ကျော်ရှိသည်ဟုသိရပြီး ယခင်ကတည်းက တစ်ဦးသာလျှင်ရှိခြင်းမှ ပြဿနာ၏အစဖြစ်ပါသည်။ မီတာကိုလစဉ်မဖတ်ဘဲ နှစ်လသုံးလပေါင်း၍ဖတ်ခြင်းကြောင့် ယူနစ်များပိုများပြီး နှုန်းထားမတူညီမှု များကြောင့် မီတာသုံးစွဲသူများနှင့် ပြဿနာဖြစ်ရခြင်းဖြစ်ပါသည်။

သို့ဖြစ်ပါ၍ မြိုင်မြို့နယ် လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်းရုံးတွင် ဖြစ်ပေါ်နေသော ဝန်ထမ်းမလုံလောက်သော ပြဿနာများ မည်သို့ဖြေရှင်းပေးနိုင်ကြောင်းနှင့် လုပ်အားပေးအဖြစ် ဆောင်ရွက်နေကြသော ဒေသခံလူငယ်များအား အမြဲတမ်းဝန်ထမ်းမဟုတ်လျှင်တောင် နေ့စားအဖြစ် ခန့်ထား ပေးနိုင်ခြင်းရှိ/မရှိသိရှိလိုပါ၍ လွှတ်တော်ဥက္ကဋ္ဌမှတဆင့် သက်ဆိုင်ရာသို့ မေးမြန်းအပ်ပါသည်။

**ဒေါက်တာခင်မောင်အေး(ဝန်ကြီး၊ သယံဇာတ၊ သဘာဝပတ်ဝန်းကျင်၊ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန)။** ။ မကွေးတိုင်းဒေသကြီး၊ မြိုင်မြို့ လျှပ်စစ်မှုုးရုံး၏ဖွဲ့စည်းပုံမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

| | | ဖွဲ့ | ခန့် | လို |
|---|---|---|---|---|
| (က) | လက်ထောက်ကြီးကြပ်ရေးမှူး(မြို့နယ်) | ၁ | - | ၁ |
| (ခ) | စာရင်းကိုင်(၄) | ၁ | ၁ | - |
| (ဂ) | ဒု-လက်ထောက်ကြီးကြပ်ရေးမှူး(မီတာ) | ၂ | - | ၂ |

| | | | | |
|---|---|---|---|---|
| (ဃ) | လျှပ်စစ်ကျွမ်းကျင်(၄) | ၄ | ၂ | ၂ |
| (င) | လျှပ်စစ်ကျွမ်းကျင်(၅) | ၃ | - | ၃ |
| | **စုစုပေါင်း** | **၁၁** | **၃** | **၈** |

ဖွဲ့စည်းပုံအရ ခန့်အပ်နိုင်မှုတွင် ပို/လိုဖြစ်နေသော်လည်း လုပ်ငန်းလိုအပ်ချက်အရ လုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် လက်ထောက်ကြီးကြပ်ရေးမှူး(မြို့နယ်)အစားမရောက်မီ အငယ်တန်းအင်ဂျင်နီယာ(၂)ဦးအား ယာယီတာဝန်ပေးထားပြီး နေ့စား(လယ်ဂျာ)(၂)ဦးနှင့် နေ့စား(လိုင်း) (၃)ဦး ခန့်ထားပြီးဖြစ်ပါကြောင်း၊ မီတာဖတ်ဝန်ထမ်းလိုအပ်ချက်အား (၂၁.၉.၂၀၁၆) ရက်နေ့တွင် ရေနံချောင်းမြို့မှ နေ့စား(မီတာ)(၁)ဦးအား မြိုင်မြို့သို့ ပြောင်းရွှေ့ပေးထားပြီး မီတာဖတ်ဝန်ထမ်းများ ထပ်မံမခန့်အပ်နိုင်မီကာလအတွင်း ယခင်မြိုင်မြို့တွင် တာဝန်ထမ်းဆောင်ခဲ့ပြီး မြစ်ခြေမြို့သို့ ပြောင်းရွှေ့သွားသော ဒုလက်ထောက်ကြီးကြပ်ရေးမှူး(မီတာ)ဦးရဲကျော်သူအား မီတာဖတ်စဉ် အဆင်ပြေစေရန်အတွက် ယာယီတာဝန်အဖြစ် တာဝန်ထမ်းဆောင်ရန် (၂၃.၉.၂၀၁၆)ရက်နေ့တွင် ရုံးအမိန့်စာဖြင့် ခေတ္တစေလွှတ် ထားပြီးဖြစ်ပါသည်။

မြိုင်မြို့လျှပ်စစ်မှူးရုံး၌ (၁.၁၀.၂၀၁၅)ရက်နေ့တွင် နေ့စား(မီတာ)(၂)ဦး နှုတ်ထွက်သွားခဲ့ပြီး နေ့စား(မီတာ)အဖြစ် တာဝန်ထမ်းဆောင်ရန် ထပ်မံလျှောက်ထားသူမရှိသည့်အတွက် ခန့်ထားနိုင်ခဲ့ခြင်းမရှိဘဲ အခြားမြို့များမှလည်း ပြောင်းရွှေ့လိုသူများမရှိခဲ့ပါ။

သို့ဖြစ်ပါ၍ မီတာဖတ်ဝန်ထမ်းလိုအပ်ချက်အတွက် (၁၉.၈.၂၀၁၆)ရက်နေ့တွင် နေ့စား(မီတာ) အဖြစ်လျှောက်ထားသူ(၅)ဦးအား မြိုင်မြို့လျှပ်စစ်မှူးရုံးမှ တင်ပြလာခဲ့သဖြင့် တိုင်းဒေသကြီး လျှပ်စစ်အင်ဂျင်နီယာရုံး၏ (၁၉.၈.၂၀၁၆)ရက်စွဲပါစာအမှတ်၊ ၈၉၀/၀ထ-၁(ခ)/မက-တ/၂၀၁၆ ဖြင့် အထွေထွေမန်နေဂျာ(စီမံ) လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း၊ နေပြည်တော်သို့ တင်ပြထားခဲ့ပြီး ဖြစ်ရာ မကြာမီ ခန့်အပ်ခွင့်အမိန့် ထုတ်ပြန်မည်ဟု သိရှိရပါကြောင်း ဖြေကြားအပ်ပါသည်။

**ဦးသက်နိုင်(မြိုင်မြို့နယ်မဲဆန္ဒနယ်အမှတ်-၁)။** ။ မကွေးတိုင်းဒေသကြီး၊ မြိုင်မြို့နှင့် စစ်ကိုင်းတိုင်းဒေသကြီး ဆားလင်းကြီးမြို့နယ်၊ ကျားတက်ကျေးရွာသို့ဆက်သွယ်ထားသော (မြိုင်-လက်ယက်မ-ထူးမ)လမ်းအား ကတ္တရာလမ်းအဖြစ် အဆင့်တိုးမြှင့်ပေးရန် အစီအစဉ်ရှိ/မရှိ သိရှိလိုကြောင်းနှင့် ၎င်းလမ်းမှာ(၁၆)မိုင်ခန့်ရှိပြီး လမ်းတစ်လျှောက် တံတားကြီးများလုံးဝမရှိပါ။ ရေကျော်ငယ်များသာ အနည်းငယ်ရှိပြီး လူအများအပြားအသုံးပြုလျက်ရှိသော လမ်းတစ်လမ်းဖြစ်ပါသည်။ လွန်ခဲ့သောနှစ်(၅၀)ကျော်ခန့်ကတည်းက မြေသားလမ်းအဖြစ်တည်ရှိခဲ့သော ၎င်းလမ်းအား ကတ္တရာလမ်းအဖြစ် အဆင့်မြင့်ပြုလုပ်ပေးပါက ကျေးရွာပေါင်း(၃၀)ခန့်နှင့် ကျေးလက်နေပြည်သူများ၏ စီးပွားရေး၊ ကျန်းမာရေး၊ လူမှုရေးကိစ္စများ များစွာ အကူအညီဖြစ်စေသောကြောင့်

ကတ္တရာလမ်းအဖြစ် အဆင့်တိုးမြှင့်ပေးရန် အစီအစဉ်ရှိ/မရှိသိရှိလိုကြောင်း လွှတ်တော်ဥက္ကဋ္ဌကြီးမှ တစ်ဆင့် သက်ဆိုင်ရာ ဝန်ကြီးသို့မေးမြန်းအပ်ပါသည်။

**ဦးစိုးမြင့် (စိုက်ပျိုးရေး မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန)။** ။ မြိုင်-လက်ယက်မ- ထူးမလမ်းသည် မြို့ပြနှင့်ကျေးလက်ဆက်သွယ်သော လမ်းတစ်လမ်းဖြစ်ပြီး ပခုက္ကူ-မုံရွာ(ပဆင)လမ်း တွင်ရှိသည့် ထူးမကျေးရွာမှ မြိုင်မြို့သို့ ဆက်သွယ်ထားသော မြေသားလမ်း ဖြစ်ပါသည်။ မြိုင်မြို့အနီး ပေါက်ပြင်းကျေးရွာမှ ကျောင်းကုန်း-လက်ယက်မ-ရွာသစ်ဖျ-ထူးမ ကျေးရွာအထိ ဆက်သွယ်ဖောက်လုပ်ထားပြီး လမ်းဘေးဝဲယာကျေးရွာ(၁၆)ရွာ အိမ်ခြေ(၂၉၅၅)၊ လူဦးရေ(၁၆၈၀၅)အား အကျိုးပြုလျက်ရှိပါသည်။ အဆိုပါလမ်းသည် လမ်းအရှည်(၁၇/၄.၂၃)မိုင် ရှည်ပြီး ၂၀၀၉-၂၀၁၀ ဘဏ္ဍာရေးနှစ်တွင် မြိုင်မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ မြိုင်မြို့အနီး ပေါက်ပြင်းကျေးရွာမှ သဲကျွန်းကျေးရွာအထိ (၁/၂)မိုင်အား ခွင့်ပြုငွေကျပ်သန်း(၁၆.၇၄၄)ဖြင့် ကျောက်ချောခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပေးခဲ့ပါသည်။

ကျေးလက်ဒေသဖွံ့ဖြိုးရေးဦးစီးဌာနအနေဖြင့် ၂၀၁၆-၁၇ ဘဏ္ဍာရေးနှစ်တွင် မြိုင်-လက်ယက်မ - ထူးမလမ်းပေါ်ရှိ ကျောင်းကုန်းကြီးကျေးရွာအနီးနှင့် ဝက်ခေါင်းကျေးရွာအနီးတွင် (၂၄×၈)ပေအကျယ်ရှိသော Box Culvert (၂)စင်းအား ပြည်ထောင်စုဘတ်ဂျက် ခွင့်ပြုရန်ပုံငွေ ကျပ်(၅)သန်းဖြင့် ဆောင်ရွက်သွားမည်ဖြစ်ပါသည်။ ထို့အပြင် အဆိုပါမြိုင်-လက်ယက်မ-ထူးမလမ်း အား ၂၀၁၇-၁၈ ဘဏ္ဍာရေးနှစ်တွင် ပြည်ထောင်စုဘတ်ဂျက်ရန်ပုံငွေဖြင့် မြေသားလမ်းမှ ကတ္တရာလမ်းအဖြစ် (၁၁/၀.၈)မိုင် ဆောင်ရွက်ရန် လျာထားတင်ပြထားပြီး ရန်ပုံငွေရရှိပါက ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်းကြောအပ်ပါသည်။

**ဦးကျော်စွမ်းရည်(မင်းဘူးမြို့နယ်မဲဆန္ဒနယ်အမှတ်-၁)။** ။ မင်းဘူး(စကု) မြို့နယ် တွင် ကျေးရွာအုပ်စု(၇၄)အုပ်စု၊ ကျေးရွာပေါင်း(၁၅၀)ရှိပါသည်။ ၎င်းကျေးရွာများမှ ကျေးရွာပေါင်း (၇၃)ရွာ၊ အိမ်ခြေစုစုပေါင်း(၁၈၉၄၆)ရှိပြီး မီးလင်းပြီးအိမ်ခြေ (၇၅၈၆)၊ မီးလင်း ကျန်ရှိအိမ်ခြေ (၁၁၃၆၀)အိမ်ခြေ ရှိနေပါသည်။ ထို့ကြောင့် မင်းဘူးမြို့နယ်အတွင်းရှိ မုန်တောင်ကျေးရွာတွင် မုန်တောင်ခွဲရုံ အသစ်တည်ဆောက်ပေးရန် လိုအပ်လျက်ရှိနေပါသည်။ ဌာနအနေဖြင့်လည်း လိုအပ်ချက်ကို တင်ပြထားပြီးဖြစ်ပါသည်။ မုန်တောင်ခွဲရုံအသစ်တည်ဆောက်ပြီးပါက ကျေးရွာပေါင်း(၁၉)ရွာ အကျိုးရှိမီးလင်းမည် ဖြစ်ပါသည်။ ခွဲရုံအသစ်တည်ဆောက်ပြီးပါက သစ်တောပြုန်းတီးမှု ပတ်ဝန်းကျင် ထိန်းသိမ်းပြီးဖြစ်ပါမည်။

ထို့ကြောင့် ဝန်ကြီးဌာနအနေဖြင့် မင်းဘူးမြို့နယ်တွင် မုန်တောင်ခွဲရုံအသစ် တည်ဆောက် ပေးရန် အစီအစဉ်ရှိ/မရှိကို လွှတ်တော်မှတစ်ဆင့် မေးမြန်းအပ်ပါသည်။ အစီအစဉ်ရှိပါက မည်သည့်

ဘတ်ဂျက်နှစ်တွင် လျာထားမည်နည်း၊ အစီအစဉ်မရှိပါက မည်သည့်အတွက်ကြောင့်မရှိကြောင်းကို သိရှိလို၍မေးမြန်းအပ်ပါသည်ခင်ဗျား….။

**ဦးမြင့်ဇော်(ဝန်ကြီး၊ သယံဇာတ၊ သဘာဝပတ်ဝန်းကျင်၊ လျှပ်စစ်နှင့်စွမ်းအင် ဝန်ကြီးဌာန)။**

။ မင်းဘူး(စကု)မြို့နယ်အတွင်းရှိ ကျေးရွာ(၁၉)ရွာ၊ အိမ်ထောင်စု (၆၄၉၈)နှင့် လူဦးရေ (၂၆၂၁၆)ဦးတို့အား မီဟုအားပြည့်ဝစွာဖြင့် လျှပ်စစ်ဓာတ်အား ရရှိစေရေးအတွက် မုန်တောင်ဓာတ်အားခွဲရုံအား တည်ဆောက်ရန် NEP Plan တွင် လျာထားတင်ပြထားပြီးဖြစ်သည့်အပြင် (၅)နှစ်စီမံကိန်းများတွင်လည်း တိုင်းဒေသကြီးအတွင်း၌ ဓာတ်အားစနစ် တိုးတက်ကောင်းမွန်စေရန်နှင့် ကျေးရွာများ လျှပ်စစ်ဓာတ်အားရရှိနိုင်စေရေးအတွက် လိုအပ်သောနေရာများတွင် ဓာတ်အားခွဲရုံများ တည်ဆောက်နိုင်ရေး လျာထားတင်ပြထားရှိခဲ့ပါသည်။

ထို့အပြင် ၂၀၁၇-၁၈ ဘဏ္ဍာရေးနှစ်စီမံကိန်းလျာထားချက်များတွင်လည်း လျာထားထားရှိပြီး ဖြစ်ပါသည်။ သို့ရာတွင် ၆၆ ကေဗွီ ၃၃ ကေဗွီ ဓာတ်အားခွဲရုံတည်ဆောက်ခြင်းများအား ပြည်ထောင်စုဘတ်ဂျက်ဖြင့် လျာထားဆောင်ရွက်ရခြင်းဖြစ်သည့်အပြင် ဘတ်ဂျက်ရရှိမှုအပေါ် မူတည်၍ ဓာတ်အားစနစ်တိုးတက်ကောင်းမွန်စေရန်နှင့် ယူနစ်ပျောက်ဆုံးမှုလျော့နည်းရေးအတွက် မဖြစ်မနေတည်ဆောက်ရမည့် ခွဲရုံများအား ဦးစားပေးတည်ဆောက်ခဲ့ရသဖြင့် ၂၀၁၈-၁၉ ဘဏ္ဍာရေးနှစ်မှစ၍ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း(ရုံးချုပ်)သို့ လျာထားနိုင်ရေး တင်ပြဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ဖြေကြားအပ်ပါသည်။